# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ | Thursday, 6 October 2022 | ၁၀၈၈၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကမ္ဘာ့အမွေအနှစ် သရေခေတ္တရာယဉ်ကျေးမှုဇုန်အား နိုင်ငံတကာအဆင့်ရှိသည့် ယဉ်ကျေးမှုတစ်ခုဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတကာမှ သမိုင်းကိုလာရောက်လေ့လာသူများ ကမ္ဘာ့အဆင့်မီ ကြည့်ရှုလေ့လာနိုင်ရေး ဆောင်ရွက်

## မြန်မာ့သမိုင်းကို ခိုင်ခိုင်မာမာ အဆင့်ရှိရှိ ပြသနိုင်သည့် ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုဇုန်ဖြစ်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ သီရိခေတ္တရာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာရှိ ပျူမြို့ဟောင်းများအနက် အကြီးဆုံးဖြစ်သည့် သရေခေတ္တရာမြို့ဟောင်း ကမ္ဘာ့အမွေအနှစ်ဒေသသို့ သွားရောက်၍ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




ကြေးမုံ

# နိုင်ငံ့စီးပွားရေးမြင့်မား ကုန်ထုတ်လုပ်ငန်းများတိုးပွား

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME စီးပွားရေးလုပ်ငန်းများကို အဓိကအားပြုလျက်ရှိပြီး နိုင်ငံစီးပွားရေး၏ ၉၀ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်သည်။ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကကျသည့် စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်သည်။ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် MSME လုပ်ငန်းများကို ရာခိုင်နှုန်းများစွာ ဆောင်ရွက်နေသည်ကို တွေ့ရသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရန် "ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရင်းအနှီးလိုအပ်သည့်အတွက် မိမိတို့တတ်နိုင်သည့် ပမာဏပေါ်တွင် အခြေတည်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တတ်နိုင်သမျှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည့်အတွက် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်ပေါ်လာပါက ချေးငွေများထုတ်ချေးနိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောက်တိုဘာလ ၄ ရက်နေ့တွင် ပြည်မြို့ သီရိခေတ္တရာ ရတနာပုံမြို့တော်ခန်းမ၌ ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံ့အကြီးအကဲ၏ အမြော်အမြင်ရှိစွာဖြင့် တစိုက်မတ်မတ် အလေးထားဆောင်ရွက်ပေးမှုကြောင့် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာပြီဖြစ်သည်။ စီးပွားရေးနှင့် နိုင်ငံရေးမှာ ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှုမရှိပါက နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုလည်း ရှိမည်မဟုတ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် စီးပွားရေးကျဆင်းလာမှုများကြောင့် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးကောင်းမွန်လာအောင် နိုင်ငံတော်အစိုးရက အလေးထားကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိသဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများ တိုးတက်ခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရက မူဝါဒပိုင်းကိုသာ ထိန်းသိမ်းဆောင်ရွက်ပေးကာ လိုအပ်လာသည့် အခြေအနေများအပေါ်မူတည်၍ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။ စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဆန်စပါး၊ ပဲပြောင်းသီးနှံများ အလုံအလောက်ရှိပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ နိုင်ငံ့စီးပွားရေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို အလေးထား၍ အခွန်အခများကိုလည်း တာဝန်ကျေစွာ ထမ်းဆောင်ရမည်ဖြစ်သည်။

နိုင်ငံ၏ဝင်ငွေသည် ပြည်သူများထံမှရရှိသည့် အခွန်ငွေနှင့် ကုန်သွယ်မှုများမှ ရရှိသည့်အခွန်ငွေများဖြစ်သည်။ ပို့ကုန်/သွင်းကုန်လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများ ရရှိလျက်ရှိပြီး အဆိုပါရရှိသည့် အခွန်ငွေများကို ဘတ်ဂျက်များရေးဆွဲကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်။ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ပါမှ နိုင်ငံ့စီးပွားတိုးတက်လာပြီး နိုင်ငံလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထုတ်ကုန်များထုတ်လုပ်ရာတွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ကုန်ထုတ်စွမ်းအားမြင့်မားလာမည်ဖြစ်သည်။ ဈေးကွက်ရရှိရေးအတွက် ကုန်ပစ္စည်းပြပွဲများကျင်းပပေးပြီး စားသုံးသူများ စိတ်ဝင်စားမှုမြင့်မားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်ရေးအတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရက ကူညီဆောင်ရွက်ပေးမှုများကို အကျိုးရှိစွာအသုံးချ၍ ထုတ်ကုန်များတိုးတက်မြင့်မားလာအောင်ဆောင်ရွက်ပြီး မိမိတို့စီးပွား၊ နိုင်ငံ့စီးပွား မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။


၂၀၂၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2022)

" ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက်အားလုံးအတွက် "

"Early Warning and Early Action for All"

အောက်တိုဘာလ (၁၃) ရက်


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၁၀-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၆၀၀ | ၅၂ | ၄၉၆,၁၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၅၀ | ၃,၄၈၅ | ၁၂,၃၇၂,၁၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂၀ | ၁၅၆,၀၀၀ |
| FPB | ၂၀,၀၀၀ | ၁၉,၅၀၀ | ၁၁၁ | ၂,၁၇၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၁၅ | ၅၉၂,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၅၀ | ၂၀၇ | ၅၆၄,၂၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၈၄.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၅.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၆.၁၂၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၃.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၉၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၈.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၇၄.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၃.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ နန်းတော်ရာနေရာ ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

# ယဉ်ကျေးမှုအရ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာခြင်းဖြင့် ပြည်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သဖြင့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျထိန်းသိမ်း

☆ ရှေ့ဖုံးမှ

ထို့နောက် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ဧည့်ခန်းမဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်တို့က သရေခေတ္တရာ ကမ္ဘာ့အမွေအနှစ်ဒေသဆိုင်ရာများ၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပျူတို့ဖြစ်ပေါ်လာခဲ့သည့် သမိုင်းကြောင်းဆိုင်ရာများ၊ မြို့ဟောင်းများ တူးဖော်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ် ဒေသအဖြစ် သတ်မှတ်နိုင်ရေး တူးဖော်တွေ့ရှိသည့် မူလအတိုင်း ထိန်းသိမ်း၍ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့မှုများနှင့် ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခံခဲ့ရမှုများ၊ တူးဖော်ရရှိသည့် ရှေးဟောင်းအမွေအနှစ် လက်ရာများကို သုတေသနပြု လေ့လာချက်များအရ ဘာသာ၊ စာပေ၊ ကိုးကွယ်မှု၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့စရိုက် ယေဘုယျလက္ခဏာများ၊ ယဉ်ကျေးမှုဆိုင်ရာ အဆင့်ဆင့်ပြောင်းလဲလာမှု၊ ဒေသတစ်ခုနှင့်တစ်ခုဆက်စပ်မှု စသည်တို့ကို ဖော်ထုတ်ရရှိမှုများ၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းမှ ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချနေမှုများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ တူးဖော်မှု မှတ်တမ်းများ၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးနိုင်မည့် အခြေအနေများမှ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိမှု၊ စုဆောင်းရရှိသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများအား ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူများ ကြည့်ရှုလေ့လာနိုင်ရေး သီရိခေတ္တရာ ပြတိုက်အတွင်း ပြကွက်၊ ပြခန်းများဖြင့် စနစ်တကျ ပြသထားရှိမှု၊ ကမ္ဘာ့အမွေအနှစ် သရေခေတ္တရာ ယဉ်ကျေးမှုဇုန် အတွင်း တရားမဝင်အဆောက်အအုံများနှင့် တရားမဝင်နေထိုင်မှုများ မရှိစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု စသည်တို့ကို မှတ်တမ်းအထောက် အထားများဖြင့် ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ရှင်းလင်းတင်ပြစဉ်။

## ပြန်လည်ဖော်ထုတ်ရန်လို

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပျူနှင့် ပတ်သက်၍ ဗိဿနိုး၊ ဟန်လင်းတို့တွင် တူးဖော်ရရှိသည့် ရှေးဟောင်း ပစ္စည်းများအရ ရှေးခေတ်ပျူတို့၏ လက်မှုပညာ အဆင့်အတန်း မြင့်မားမှုကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပျူခေတ် ဝတ်စားဆင်ယင်မှုများကိုလည်း ပြန်လည်ဖော်ထုတ်ရန် လိုကြောင်း၊ ယနေ့ခေတ်တွင် ပျူမျိုးဆက်များနှင့် ပတ်သက်၍လည်း သုတေသနပြုရန်လိုကြောင်း၊ ယဉ်ကျေးမှုအရ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက် လေ့လာခြင်းဖြင့် ပြည်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်သဖြင့် ရှေးဟောင်းအမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းကြရန် လိုကြောင်း၊ တူးဖော်ရရှိသည့် ရှေးဟောင်းအမွေအနှစ် လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများ ထိန်းသိမ်းထားရှိမှုကို နောင်လာ နောက်သားများ အထောက်အထား ရရှိစေရေးအတွက် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာတမ်းများဖြင့် ခုနှစ်၊ သက္ကရာဇ်အလိုက် စနစ်တကျ မှတ်တမ်းထားရှိရန် လိုကြောင်း၊ ဓာတ်ပုံမှတ်တမ်းများ ရယူရာတွင်လည်း အရည်အသွေးကောင်းမွန် မြင့်မားသည့် ဓာတ်ပုံများဖြစ်ရန် လိုပြီး ကွန်ပျူတာစနစ်ဖြင့်လည်း စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်း၊ ယခင်က မိမိတို့နိုင်ငံသူ နိုင်ငံသားတို့၏ သမိုင်းကြောင်း အစဉ်အလာ မြင့်မားမှုများသည် စနစ်တကျ မှတ်တမ်းရေးမှတ်ထားခြင်းမရှိသဖြင့် ပျောက်ပျက်ခဲ့ရသည်များ များစွာရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ သမိုင်းကြောင်းဆိုင်ရာများကို စာအုပ်စာတမ်းများဖြင့် မှတ်တမ်းထားရှိခြင်း၊ ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းခြင်းတို့ဖြင့် စနစ်တကျ မှတ်တမ်း ထားရှိသွားရန်လိုကြောင်း၊ အိန္ဒိယနိုင်ငံ ဗီဇကာပတ်တနန်မြို့တွင်လည်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ နေရာတစ်ခုရှိပြီး ၎င်းတို့တူးဖော်ရရှိထားသည့် အဆောက်အအုံများ၊ စေတီပုထိုးများ၊ ရှေးဟောင်းပစ္စည်းများသည် မိမိတို့နိုင်ငံရှိ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများတွင် တူးဖော်ရရှိထားသည့် လက်ရာများနှင့် များစွာတူညီမှုရှိကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှေးဟောင်း ယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သွားရောက်လေ့လာပြီး သမိုင်းကြောင်း တွေ့ရှိမှုများကို သုတေသနပြုဆောင်ရွက်ရန် လိုကြောင်း၊ ရာဇကုမာရ်ကျောက်စာတွင် ဗမာစာပေကို အမှီပြု၍ မွန်၊ ပျူ၊ ပါဠိ

စာမျက်နှာ ၄ သို့ ☆

❖ ပျူနှင့်ပတ်သက်၍ ဗိဿနိုး၊ ဟန်လင်းတို့တွင် တူးဖော်ရရှိသည့် ရှေးဟောင်းပစ္စည်းများအရ ရှေးခေတ်ပျူတို့၏ လက်မှုပညာအဆင့်အတန်းမြင့်မားမှုကို တွေ့ရှိရမည်

❖ ပျူခေတ် ဝတ်စားဆင်ယင်မှုများကိုလည်း ပြန်လည်ဖော်ထုတ်ရန်လို၊ ယနေ့ခေတ်တွင် ပျူမျိုးဆက်များနှင့်ပတ်သက်၍လည်း သုတေသနပြု

❖ တူးဖော်ရရှိသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများ ထိန်းသိမ်းထားရှိမှုကို နောင်လာနောက်သားများ အထောက်အထားရရှိစေရေး အတွက် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာတမ်းများဖြင့် ခုနှစ်၊ သက္ကရာဇ်အလိုက် စနစ်တကျ မှတ်တမ်းထားရှိရန်လို

☆ စာမျက်နှာ ၃ မှ

ဘာသာများဖြင့် ထပ်မံဘာသာပြန်ဆိုရေးထိုးထားသည်ကို တွေ့ရှိရသဖြင့် ပုဂံခေတ်တွင် မွန်၊ ပျူ၊ ဗမာတို့၏ ဆက်စပ်မှုများ၊ ပျူတို့၏ ယဉ်ကျေးမှုများကို သုတေသနပြု ဖော်ထုတ်ရန်လိုကြောင်း။

### ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုဇုန်ဖြစ်ရမည်

ကမ္ဘာ့အမွေအနှစ်သရေခေတ္တရာ ယဉ်ကျေးမှုဇုန် တစ်ခုလုံးအား ခြုံငုံမြင်တွေ့လေ့လာ၍ ရနိုင်သည့် View Point မျှော်စင်တစ်ခုကို စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောက်လုပ်နိုင်မည့် အခြေအနေများနှင့် အဓိကကျသည့် ရှေးဟောင်းယဉ်ကျေးမှုနေရာများအား Protection Area အဖြစ် ကာရံနိုင်မည့် အခြေအနေများ၊ ယဉ်ကျေးမှုနယ်မြေအား နိုင်ငံတကာအဆင့်ရှိသည့် ယဉ်ကျေးမှုတစ်ခုဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတကာမှ သမိုင်းကို လာရောက်လေ့လာသူများ ကမ္ဘာ့အဆင့်မီ ကြည့်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြန်မာ့သမိုင်းကို ခိုင်ခိုင်မာမာ အဆင့်ရှိရှိ ပြသနိုင်သည့် ကမ္ဘာ့အဆင့်မီ ယဉ်ကျေးမှုဇုန်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်များသည် ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည့်နေရာများဖြစ်ပြီး လာရောက်လေ့လာသူ များပြားလာပါက ဖြစ်ပေါ်လာနိုင်မည့် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဆိုင်များစနစ်တကျ ဖြစ်စေရေးအတွက်လည်း ကြိုတင်စီမံထားရန် လိုကြောင်း၊ ထိုကဲ့သို့ နိုင်ငံတကာမှ လာရောက်လေ့လာသည့် ပညာရှင်များ၊ ဝါသနာရှင်များမှတစ်ဆင့် မြန်မာ့သမိုင်းကို ကမ္ဘာ၌ ထည်ဝါစေရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းအနေဖြင့် သမိုင်းကြောင်းဆိုင်ရာ သင်ကြားမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုအပ်သည်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ရှေးဟောင်းသမိုင်းဝင် ဘောဘောကြီး စေတီအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။





ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ သီရိခေတ္တရာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် အဆင်တန်ဆာနှင့် အသုံးအဆောင်များဆိုင်ရာ ပြခန်း၊ စာပေနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာပြခန်း၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာ အထောက်အထားများ၊ ပျူခေတ်အုတ်များ၊ ဗိသုကာလက်ရာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများ စသည့် ပြကွက်များကို တစ်ခုချင်းအသေးစိတ် စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သမိုင်းအထောက်အထားများအား စနစ်တကျ ထိန်းသိမ်းထားရှိရန်၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် ခုနှစ်၊ သက္ကရာဇ်များ၊ တူးဖော်ရရှိသည့် နေရာများကို အလွယ်တကူ လေ့လာသိရှိနိုင်ရေး အတွက်လည်း ရှင်းလင်းစွာ စာတန်းထိုးထားရန်လိုကြောင်း၊ ပျူစာဖြင့် ရေးထိုးထားသည့် ကျောက်စာများကို သမိုင်းပညာရှင်များဖြင့် ဘာသာပြန်ဆို၍ အများပြည်သူ လေ့လာနိုင်ရေး ထားရှိရန်လိုကြောင်း၊ ရှေးခေတ်လက်ရာ ဒင်္ဂါးပြားများ၊ လက်ဝတ်ရတနာများကို အနီးကပ်ကြည့်ရှုလေ့လာနိုင်ရေး ခေတ်မီနည်းစနစ်များ အသုံးပြု၍ LED Screen များဖြင့် လေ့လာကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးထားရန် လိုကြောင်း၊ Digital Museum အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သီရိခေတ္တရာပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ နန်းတော်ရာနေရာသို့ သွားရောက်၍ ထိန်းသိမ်း ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး နန်းတော်ရာတွင်ရှိနေသည့် ကျုံးပြန်လည်တူးဖော်ရန် မှာကြားသည်။ ဆက်လက်၍ ရှေးဟောင်းသမိုင်းဝင် ဘောဘောကြီးစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။ ယင်းနောက် စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရှေးဟောင်းသမိုင်းဝင် ဘောဘောကြီးစေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

အဆိုပါ သရေခေတ္တရာမြို့ဟောင်းသည် မြန်မာနိုင်ငံတွင်ရှိသည့် ပျူမြို့ဟောင်းများအနက် အကြီးဆုံးနှင့် သက်တမ်းအရှည်ဆုံးမြို့ဖြစ်ပြီး သရေခေတ္တရာဟူသော အမည်သည် “ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောမြို့”ဟု အဓိပ္ပာယ်ရကြောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာ မှော်ဇာရွာတွင် တည်ရှိပြီး သရေခေတ္တရာ မြို့ဟောင်းသည် အဝန်းအဝိုင်း ပုံသဏ္ဌာန်ရှိကာ မြို့ရိုးသည် အရှည် ၁၄ ကီလိုမီတာ၊ အကျယ် ၄ မီတာနှင့် အမြင့် ၁၀ မီတာရှိကြောင်း၊ မြို့ဟောင်းအတွင်း မှော်ဇာရွာအပါအဝင် ကျေးရွာပေါင်း ၁၇ ရွာ ပါဝင်ကြောင်း၊ ဒေသရာဇဝင်များအဆိုအရ သရေခေတ္တရာမြို့တည်ပုံမှာ သာသနာတော်သက္ကရာဇ် (၁၀၁) ခုနှစ်တွင် ဂဝံပတိရသေ့၊ သိကြား၊ ဂဠုန်၊ နဂါး၊ ဂုမ္ဘာန်၊ စန္ဒီ၊ ပရမေသုရာ စသည့် သူမြတ် ခုနစ်ဦးတို့သည် မြတ်စွာဘုရား ဗျာဒိတ်တော်ရှိသည်နှင့်အညီ မြို့ကို တည်အုံသော အကြောင်းကို စုရုံးတိုင်ပင်ကြ၍ သာယာညီညွတ်လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ ရပ်နေပြီးလျှင် နဂါးကို စက်ကြိုးပြု၍ ပတ်စေခဲ့ကြောင်း၊ ထိုအဝန်းအဝိုင်းကိုပင် သရေခေတ္တရာမြို့တော်၏ ပမာဏအဖြစ် စတင်တည်ထောင်ခဲ့ပြီး ဒွတ္တပေါင်မင်းကြီးကို နန်းတင်မြှောက်ခဲ့သည်ဟု အဆိုရှိခဲ့ကြောင်း၊ သရေခေတ္တရာမြို့ဟောင်းသည် ပျူတိုက်၊ သင်္ချိုင်း၊ ကုန်း၊ စေတီ၊ ဂူဘုရား၊ နန်းတော်၊ မြို့ဝင်ပေါက်၊ ကျုံး၊ မြို့ရိုးကဲ့သို့သော အဆောက်အအုံ အကြွင်းအကျန်များနှင့်အတူ လက်ရှိအချိန်အထိ လူနေထိုင်ဆဲမြို့ပြ တစ်ခုဖြစ်ကြောင်း၊ မြို့ဟောင်းတူးဖော်မှုလုပ်ငန်းနှင့် ကွင်းဆင်းသုတေသနလုပ်ငန်းများကို ၁၉၀၇ ခုနှစ်မှစတင်၍ ယခုအချိန်အထိ ရှေးဟောင်းသုတေသနဦးစီးဌာနက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ သရေခေတ္တရာယဉ်ကျေးမှုဇုန်အတွင်းရှိ သီရိခေတ္တရာပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

- ❖ ရှေးဟောင်းယဉ်ကျေးမှုဇုန်များသည် ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည့်နေရာများဖြစ်ပြီး လာရောက်လေ့လာသူ များပြားလာပါက ဖြစ်ပေါ်လာနိုင်မည့် ပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးဆိုင်များစနစ်တကျ ဖြစ်စေရေးအတွက် ကြိုတင်စီမံထား
- ❖ နိုင်ငံတကာမှ လာရောက်လေ့လာသည့် ပညာရှင်များ၊ ဝါသနာရှင်များမှတစ်ဆင့် မြန်မာ့သမိုင်းကို ကမ္ဘာ၌ထည်ဝါစေရမည်

# တစ်ဦးချင်းလုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန် ကျေပွန်စွာဆောင်ရွက်ခြင်းဖြင့် စွမ်းရည်ရှိသည့်တပ်မတော် စွမ်းအားရှိသည့် တပ်မတော်ကို တည်ဆောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တပ်နယ်နှင့် ပန်းတောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ပြည်တပ်နယ်ရှိ နဝဒေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်တပ်နယ်နှင့် ပန်းတောင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ပြည်တပ်နယ်ရှိ နဝဒေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် ပြည်တပ်နယ်သို့ ပထမဆုံးလာခြင်းဖြစ်ကြောင်း ပြောကြားပြီး တပ်မတော်မှ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရကာ နိုင်ငံ့တာဝန် ထိန်းသိမ်းဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးအရ ဆူပူမှုများ၊ အကြမ်းဖက်မှုများကို ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် အကျပ်အတည်းများရှိခဲ့ကြောင်း၊ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများကိုလည်း အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း၍ အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ရောဂါကာကွယ်ဆေး ရရှိရေးအတွက်လည်း ပြည်ပနိုင်ငံများသို့ မိမိကိုယ်တိုင်ဆက်သွယ်၍ အမြန်ဆုံးရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်သိပြည်သူများ၏ ဝိုင်းဝန်းကူညီမှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် ယင်းအခက်အခဲများ၊ လိုအပ်မှုများကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေမြေကောင်းများရှိပြီး စားရေရိက္ခာပေါများကြောင်း၊ ကိုဗစ် -၁၉ ရောဂါဖြစ်ပွားချိန်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကြောင့် စားရေရိက္ခာများကို ပြည့်ဝစွာရရှိခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ စီးပွားရေးသည် တိုးတက်ကောင်းမွန်လာပြီဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ EAO များ၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဟူ၍ နှစ်မျိုးရှိပြီး PDF အကြမ်းဖက်တိုက်ခိုက်သူများသည် ပြည်သူများကြားမှ ပြည်သူများကို အကာအကွယ်ယူ၍ တိုက်ခိုက်နေခြင်းဖြစ်သည့်အတွက် တပ်မတော်သားများနှင့် ပြည်သူများ တစ်သားတည်းဖြစ်အောင် ဆောင်ရွက်၍ အကြမ်းဖက်မှုများကို နှိမ်နင်းရန်လိုကြောင်း၊ နဝတ၊ နယက ခေတ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အချို့သော အုပ်ချုပ်မှုဆိုင်ရာ အားနည်းချက်များရှိခြင်းကြောင့် တပ်မတော်အပေါ် အချို့သောပြည်သူများအနေဖြင့် အမြင်မကြည်လင်မှုများရှိနိုင်ကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်၌ တပ်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်နှင့်ပြည်သူဆက်ဆံရေးတိုးတက်ခိုင်မြဲအောင်လည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်၏ အဆင့်ဆင့် တိုးတက်မှုများရှိလာခြင်းကြောင့် ၂၀၁၁ – ၂၀၂၀ ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်နှင့် ပြည်သူများအကြား တိုးတက်လာသည့်ဆက်ဆံရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ မသမာသူများက အချင်းချင်းသွေးကွဲစေရေးအတွက် သွေးထိုးလှုံ့ဆော်မှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိဖြစ်ပေါ်ခဲ့သည့် ၂၀၂၁ ခုနှစ် နိုင်ငံရေးပြောင်းလဲမှုကာလတွင် မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်တပ်နယ်မှူး၏ဇနီး လက်ခံရယူစဉ်။

**အမြဲမပြတ် ပြန်လည်လေ့လာ**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကို ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်ကြားပေးထားသည့် ကာကွယ်ရေးပညာရပ်များကို အမြဲမပြတ် ပြန်လည်လေ့လာ၊ လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိစေရန်အတွက်လည်း အမြဲလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်ကြရန်လိုပြီး တပ်မတော်သားများ စည်းကမ်းကောင်းမွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဒုတိယလှိုင်း ဖြစ်ပွားချိန်၌ ကူးစက်မှုနှုန်းမြင့်တက်ခဲ့ကြောင်း၊ အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ယခုအချိန်တွင် ရောဂါကူးစက်မှုများ ပြန်လည်ဖြစ်ပေါ်လျက်ရှိသဖြင့် နေထိုင်သွားလာစားသောက်မှုများကို ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ရာသီဥတုနှင့် ညီညွတ်မျှတသည့် နေထိုင်မှုများရှိရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင်သာမက မိသားစုဝင်များအနေဖြင့်လည်း ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုကြောင်း။

စာမျက်နှာ ၆ သို့ ❂

❖ ပညာရေးနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် ဗဟုသုတရစေသည့် စာပေများကို ဖတ်ရှုလေ့လာရန်နှင့် မိသားစုဝင်များကိုလည်း ပညာရည်မြင့်မားအောင် အားပေးဆောင်ရွက်ရမည်

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ပမှ ဝယ်ယူစားသောက်မှုများ လျော့နည်းသွားမည်ဖြစ်သဖြင့် ငွေကုန်ကျမှုကို သက်သာစေမည်

❖ စက်သုံးဆီ၊ စားသုံးဆီနှင့် ကုန်စျေးနှုန်းများ ကျဆင်းစေရန်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

✪ စာမျက်နှာ ၅ မှ

ပညာရေးနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင် ဗဟုသုတရစေသည့် စာပေများကို ဖတ်ရှုလေ့လာရန်နှင့် မိသားစုဝင်များကိုလည်း ပညာရည်မြင့်မားအောင် အားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားအောင်ဆောင်ရွက်ပြီး မိမိဘဝကို ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်း/တပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တတ်နိုင်သမျှ ဆောင်ရွက်ရန်လိုသကဲ့သို့ တစ်ဦးချင်းအလိုက်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ပမှ ဝယ်ယူစားသောက်မှုများ လျော့နည်းသွားမည်ဖြစ်သဖြင့် ငွေကုန်ကျမှုကို သက်သာစေမည်ဖြစ်ကြောင်း။

တပ်မတော်မှ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ၏ ငွေကြေးပြဿနာများဖြစ်ပေါ်စေရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့မှုများရှိကြောင်း၊ စက်သုံးဆီ၊ စားသုံးဆီနှင့် ကုန်စျေးနှုန်းများ ကျဆင်းစေရန်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ချိန်တွင် တစ်ဦးချင်းလုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် တာဝန်ကျေပွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စစ်သည်တစ်ဦးချင်းအလိုက် စည်းကမ်းကောင်းမွန်ပြီး မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်မည်ဆိုပါက တပ်မတော်သည် စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်တစ်ရပ်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ပြည်တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ပြည်တပ်နယ်မှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။ ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်ရာ ပန်းတောင်းတပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ ပြည်တပ်နယ်မှူးက လက်ခံရယူစဉ်။



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၉၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၀၀၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ဒေသခံပြည်သူ ၂၆၇၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၄၃၂၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

**ထိုးနှံပေးလျက်ရှိ**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၉၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေးအတွက် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်နှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီမှစ၍ အမှတ် (၆)ရပ်ကွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ဥက္ကလာပမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အတွင်း၌ ကာကွယ်ဆေး ထိုးနှံခြင်းကို သက်ဆိုင်ရာ ဦးစားပေးအလိုက် ဦးတည်အုပ်စုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီထိ အသက် ၁၈ နှစ်နှင့်အထက်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အကြိမ်ပြည့်နှင့် ထပ်ဆောင်းကာကွယ်ဆေးတို့အား ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးထိုးနှံရာသို့ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုကူညီရေး အသင်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများကို အဆင်ပြေချောမွေ့စွာ ဆေးထိုးနှံနိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ငါးနှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပြီး အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိရာ သတ်မှတ်ဆေးထိုးစုရပ်များဖြစ်သည့် (၃၈) ရပ်ကွက်ရှိ မင်္ဂလာအေးကျောင်းတိုက်၊ (၄၈)ဒေသန္တရကျန်းမာရေးဌာန၊ (၅၀) ဒေသန္တရကျန်းမာရေးဌာနတို့တွင် ကာကွယ်ဆေးထိုးနှံသူ ၁၂၁ ဦးတို့အား Covaxin ၊ Sinovac၊ Sinopharm နှင့် Myancopharm ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ ရပ်ကွက်တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ဒဂုံမြောက်)**

# မြေသယံဇာတအရင်းအမြစ်များသည် လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတအရင်းအမြစ်များဖြစ်ပြီး စားနပ်ရိက္ခာ၊ သန့်ရှင်းသောရေနှင့် ဇီဝမျိုးစုံမျိုးကွဲများအပါအဝင် အခြားဂေဟစနစ် ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေ

❖ **မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ Agenda 2030 ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ရေရှည်တည်တံ့ပြီး စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည် အထူးလိုအပ်လျက်ရှိ**

❖ **အမျိုးသားမြေအသုံးချမှု မူဝါဒသတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် တိုးတက်မှုဟု ဆိုနိုင်သော်လည်း စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုများဖြစ်ပေါ်လာစေရေးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသား မြေအသုံးချမှု မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်**

**✳ ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာ သီတာဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးသောင်းဟန်၊ ဦးမျိုးမြင့်ဦးနှင့် ဦးရွှေလေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသားမြေအသုံးချမှုကောင်စီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အမျိုးသားမြေအသုံးချမှုမူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သော ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဖွဲ့စည်းခဲ့သည့် **"အမျိုးသားမြေအသုံးချမှုကောင်စီ"**၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပြီး ယခင် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ၊ ကောင်စီ၏ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းသည် ၂၆၁၂၂၈ စတုရန်းမိုင်ခန့် ကျယ်ဝန်းပြီး အရှေ့တောင်အာရှဒေသအတွင်း ဧရိယာအကျယ်အဝန်း ဒုတိယအကျယ်ဆုံးဖြစ်ကြောင်း၊ မြေသယံဇာတနှင့် ရေသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအတွက် သင့်လျော်ကောင်းမွန်သည့် ရာသီဥတုအခြေအနေနှင့် ပြည့်စုံသည့် နိုင်ငံဖြစ်ကြောင်း။

မြေသယံဇာတ အရင်းအမြစ်များသည် လူသားများ၊ လူမှုအသိုင်းအဝိုင်းများ ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအကျဆုံး သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သော်လည်း အခြားသယံဇာတ အရင်းအမြစ်များနှင့်မတူသည့် အချက်မှာ တိုးပွားအောင်လုပ်၍မရဘဲ အကန့်အသတ်ရှိသည့်သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည် ဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေ တိုးပွားလာမှုနှင့် မြေဆီလွှာယိုယွင်းပျက်စီးမှုတို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် လူတစ်ဦး စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာ သုည ဒသမ ၁၈ ဟက်တာခန့်သာရှိကြောင်း၊ အဆိုပါအခြေအနေကို ၁၉၆၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ထက်ဝက်ခန့်ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် လက်ရှိထက် ထက်ဝက်ခန့် ထပ်မံကျဆင်းသွားမည်ဟု ခန့်မှန်းထားကြောင်း။

မြေသယံဇာတ အရင်းအမြစ်များသည် လူသားများအတွက် အခြေခံအကျဆုံးသဘာဝသယံဇာတအရင်းအမြစ်များဖြစ်ပြီး စားနပ်ရိက္ခာ၊ သန့်ရှင်းသောရေနှင့် ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် အခြားဂေဟစနစ် ဝန်ဆောင်မှုများကို မြေသယံဇာတ အရင်းအမြစ်များက ထောက်ပံ့ပေးနေခြင်း ဖြစ်ကြောင်း၊ မြေသယံဇာတ အရင်းအမြစ်များသည် လူသားများအတွက် အခြေခံအကျဆုံး သဘာဝသယံဇာတ အရင်းအမြစ်များ ဖြစ်သော်လည်း ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်နိုင်သည့် အရင်းအမြစ်များလည်းဖြစ်ကြောင်း။

Intergovernmental Panel on Climate Change- IPCC အစီရင်ခံစာအရ ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေအသုံးချမှု ပြောင်းလဲခြင်းကဏ္ဍမှ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု စုစုပေါင်း၏ ၂၃ ရာခိုင်နှုန်း ထုတ်လွှတ်ခဲ့သည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ရာသီဥတုပြောင်းလဲလာခြင်း၏ ရိုက်ခတ်မှုဖြစ်သော ၂၀၀၈ ခုနှစ် သမိုင်းဝင် နာဂစ်မုန်တိုင်းအပြင် နိုင်ငံတကာအသိုင်းအဝိုင်းများ၌ နေ့စဉ်နှင့် နီးပါးအမျှ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံအနှံ့အပြား ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ အယ်လ်နီညို/ လာနီညာကဲ့သို့ အပူချိန်လွန်ကဲမှုနှင့် အအေးလွှင်းဖြတ်သန်းခံရခြင်းအစရှိသည့် ပြင်းထန်သော မိုးလေဝသဖြစ်စဉ်များကို နှစ်စဉ်ပိုမိုပြင်းထန်စွာ ခံစားလာနေရမှုနှင့် လူမှုစီးပွား ပျက်စီးဆုံးရှုံးရမှုများလည်း ကြုံတွေ့ဆဲ၊ ကြုံတွေ့လတ္တံ့ဖြစ်ကြောင်း၊ ယခုကဲ့သို့သော သဘာဝလွှန် ဘေးအန္တရာယ်များကြောင့် မိမိတို့နိုင်ငံသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကို ထိခိုက်ခံစားလွယ်သည့် နိုင်ငံများအနက် တတိယအဆင့်တွင် ရပ်တည်နေခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အတွက် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျစီမံ ခန့်ခွဲရန်လိုအပ်ကြောင်း။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေ ညီလာခံက Agenda 2030 ဖြစ်သည့် ဖွံ့ဖြိုးမှုစီမံချက်ကို သဘောတူညီ လက်ခံခဲ့ကြောင်း၊ အဆိုပါ Agenda 2030တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက် ၁၇ ခု ပါဝင်ကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်အများစုသည် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်နွှယ်နေပြီး ရည်မှန်းချက်အမှတ်စဉ် (၁၅) သည် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးနှင့် သဲကန္တာရဖြစ်ထွန်းမှု ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြုန်းတီးမှု ရပ်တန့်စေရေးတို့ဖြစ်ပြီး မြေယာစီမံခန့်ခွဲမှုနှင့် အဓိက သက်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) ၏ မဟာဗျူဟာရည်မှန်းချက် ၅ အပိုဒ်ခွဲ ၅ တွင် သဘာဝအရင်းအမြစ်များ၏ အကျိုးအမြတ်များကို ပြည်သူအားလုံး ရရှိခံစားစေရေးအတွက် မြေယာစီမံခန့်ခွဲမှုနှင့် သယံဇာတအခြေပြု လုပ်ငန်းများ၏ ရေရှည်တည်တံ့သည့် စီမံခန့်ခွဲမှုတို့ကို တိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ရန် ဖော်ပြထားကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ Agenda 2030 ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရေးနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ရေရှည်တည်တံ့ပြီး စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရေးသည် အထူးလိုအပ်လျက်ရှိကြောင်း။

နိုင်ငံ၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့်အမျိုးသားမြေအသုံးချမှု မူဝါဒကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မူဝါဒရေးဆွဲရာတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီဖြင့် ရေးဆွဲခဲ့ပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ ကုလသမဂ္ဂက အတည်ပြုလက်ခံထားသည့် အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါးနှင့် သစ်တောများ၏ လုပ်ကိုင်ခွင့်စီမံခန့်ခွဲရာတွင် လိုက်နာသင့်သည့် လမ်းညွှန်ချက်များကို ကိုးကားရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားမြေ အသုံးချမှုမူဝါဒ သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် တိုးတက်မှုဟုဆိုနိုင်သော်လည်း စနစ်တကျကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ယခုအခါ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် မြေအသုံးချမှု မူဝါဒနှင့် သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၅/၂၀၂၂ အရ လုပ်ငန်းတာဝန် ၁၀ ရပ်ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားမြေ အသုံးချမှုကောင်စီ အနေဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ မြေအသုံးချမှုဆိုင်ရာနည်းပညာ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် အဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရေး အတွက် အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ အတွင်းရေးမှူးများပါဝင်သော အမျိုးသားမြေအသုံးချမှု ကောင်စီအတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၂ခုနှစ် မတ် ၉ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားမြေအသုံးချမှုကောင်စီ ဒုတိယအကြိမ် အစည်းအဝေးတွင် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးကိစ္စရပ်နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်ရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မြေအသုံးချမှု ကော်မတီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများကို အဖွဲ့ဝင်များ အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းရန် ဆိုသည့် ဆုံးဖြတ်ချက် ရှစ်ချက် ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှုများကို အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူး၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ခေါင်းဆောင်များက ရှင်းလင်း တင်ပြပေးကြရန်ဖြစ်ကြောင်း၊ ထို့အတူ သက်ဆိုင်ရာကောင်စီအဖွဲ့ဝင်များအနေဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ညှိနှိုင်းပေါင်းစပ်ရန် လိုအပ်နေသည့် ကိစ္စရပ်များကို ပွင့်လင်းစွာ ရှင်းလင်း တင်ပြပေးကြရန် ဖြစ်ကြောင်း။

အမျိုးသား မြေအသုံးချမှုကောင်စီ လုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် အဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ကြိုးပမ်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ၏ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်နှင့် အခြေခံမှုများကို အကောင်အထည်ဖော်နိုင်ရေး ကောင်းမွန်သည့်မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်များ ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ သို့ ✳

* စာမျက်နှာ ၇ မှ

ယင်းနောက် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ(၁)ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်ရေးဆွဲအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဝင်များဖြစ်ကြသည့်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက မြေယာသုံးစွဲမှုများ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာစီမံခန့်ခွဲရေးဆောင်ရွက်နေမှုများ၊ အမျိုးသားမြေအသုံးချမှုကောင်စီမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အမျိုးသားမြေအသုံးချမှု ဥပဒေရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအမျိုးသားမြေပုံစနစ်အကောင်အထည်ဖော်ရေးနှင့် အမျိုးသားမြေအသုံးချမှု ဥပဒေပေါ်ပေါက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကိစ္စရပ်များအပြင် ဝန်ကြီးဌာနအလိုက် မြေအသုံးချမှုနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေစီမံခန့်ခွဲဆောင်ရွက်နေမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားမြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

❖

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး“ပြည်ကျော်အောင်ဌေး” သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ခြင်း၊ နွား၊ ဆိတ်၊ ကြက်၊ ငါး မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားနှင့် မျိုးစေ့၊ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက် တင်းတိပ်ကွင်းတွင် တည်ရှိသည့် “ပြည်ကျော်အောင်ဌေး” သဘာဝမြေဩဇာစက်ရုံ ရှင်းလင်းဆောင်၌ ကျင်းပသော သဘာဝမြေဩဇာ စက်ရုံ တည်ဆောက်ခြင်းနှင့် နွား၊ ဆိတ်၊ ကြက်၊ ငါးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စစ်ကိုင်းခရိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များတိုးမြှင့်ရေးပြပွဲအား ကြည့်ရှုအားပေးစဉ်။

## ရှင်းလင်းတင်ပြ

ဦးစွာအခမ်းအနားသို့ တက်ရောက်လာကြသူများအား “ပြည်ကျော်အောင်ဌေး” ကုမ္ပဏီမှ တာဝန်ရှိသူ ဦးကျော်ဌေးက သဘာဝမြေဩဇာစက်ရုံ တည်ဆောက်ခြင်း နှင့် နွား၊ ဆိတ်၊ ကြက်၊ ငါးမွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝမြေဩဇာအိတ်များကို တောင်သူများသို့ အခမဲ့ဖြန့်ဝေပေးသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များတိုးမြှင့်ရေးပြပွဲနှင့် မျိုးစေ့၊ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နေကြာမျိုးစေ့များ၊ ဂျုံသီးနှံမျိုးစေ့နှင့်၊ ချည်မျှင်ရှည်ဝါမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

လာမည့် ရွေးကောက်ပွဲကို စနစ်တကျရှိပြီး အများယုံကြည်လက်ခံသော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် အဘက်ဘက်မှ ကြိုတင်မြော်တွေး စဉ်းစားဆောင်ရွက်ကြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲအရာရှိများကို မှာကြားသည်။

ယနေ့ကျင်းပသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက ထိုသို့ မှာကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် လုပ်ငန်းစဉ်(၁)အရ မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းစဉ် (၅)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မိမိတိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်အလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံ မှန်ကန်ရေးအတွက် ပြောင်းဝင်၊ ပြောင်းထွက်၊ သေဆုံး စသည့်လူဦးရေစာရင်းများကိုသက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ လစဉ် Update ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မဲရုံနေရာချထားမှုများ၊ မဲရုံသုံးပစ္စည်းများ ဖြည့်ဆည်းခြင်းနှင့် လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မိမိတို့၏ ဝန်ထမ်းများကို စုဖွဲ့ခြင်း၊ ဖြည့်တင်းခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများက မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ဆောင်ရွက်နေမှု၊ မဲရုံများ လျာထားသတ်မှတ်နိုင်ရေး၊ မဲရုံသုံးပစ္စည်းများ ဖြည့်တင်းနိုင်ရေးတို့ နှင့်စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တင်ပြခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်းနှင့် ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် ညှိနှိုင်းအစည်း အဝေးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကုသိုလ်တော်မြက်ထိုးပွဲ

**စိန်မြင့်(ရွှေချည်ထိုး)**

မန္တလေးမြို့နန်းတော်ရှေ့ သို့မဟုတ် မန္တလေး အရှေ့တောသို့ အခြေချမိသည်မှာ ၁၉၈၃ ခုနှစ်ခန့်မှာဖြစ်၏။ ဇာတိနေရပ်မှာ မြို့အလယ် ဈေးချိုဝါးတန်းရပ်ဖြစ်၏။ အရှေ့ပြင်သည် သီးခြားလူနေမှုအရပ်ဓလေ့၊ ရွာဓလေ့များနှင့်ရှိသည်။ ဘုရားကျောင်းကန်စေတီ ပတ်လည်ဝိုင်းနေ၏။ ရှေးမင်း၊ မိဖုရားတို့ ကုသိုလ်တော်တွေ တစ်ပုံတစ်ပင် ကျန်ရစ်ခဲ့ရာအရပ်ဖြစ်၏။

မန္တလေးတောင်တော်အား ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ ကုသိုလ်တော်၊ အတုမရှိတိုက်တော်၊ ရွှေကျင်တိုက်မှ ရွှေနန်းတော်ကျောင်းကြီးများက ဝန်းရံထား၏။ ဝါလကင်းလွတ်သီတင်းကျွတ်သည်နှင့် အရှေ့ပြင်တွင် တန်ခိုးကြီးဘုရားပွဲများ စတော့၏။ ထိုအထဲတွင် ကုသိုလ်တော်ဘုရားပွဲတော်မှာ သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော်ထိ ကျင်းပ၏၊ ဆပ်ကပ်ဇာတ်ပွဲ၊ ရုံပွဲ၊ ဗလာပွဲတို့အပြင် ရှေးက ရွှေဘိုတင်မောင်ရုပ်သေး နှစ်စဉ်ပါရ၏။ ရုပ်သေးစင်ဘေးပတ်ပတ်လည်က ဘုရားပွဲတော်လာ ကျေးတောကလှည်းဝိုင်း၊ ပေါင်းမိုးနှင့်၊ စားအိုးအစုံအလင်၊ သားသမီးတစ်ပုံတစ်ပင်နှင့် ညအိပ်ညနေလာကြသော ဘုရားဖူးများဖြစ်ပါ၏။ ရတနာပုံမြို့တည် နန်းတည် ဘဝရှင်မင်းတုန်းမင်း ကုသိုလ်ဖြစ်သည့် မဟာလောကမာရဇိန် ကုသိုလ်တော်မဟာရံတံတိုင်းတွင် ၇၂၉ ချပ်သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံ၊ ကျောက်စာရုံ ဓမ္မစေတီများရှိ၏။

ဘုရားအတွင်း၌ နှစ်ရာကျော် ခရေပင်ကြီးများရှိ၏။ ခရေပွင့် တဖြောက်ဖြောက်ကြွေသဖြင့် ခရေပွင့်ကောက်သူများ အမြဲရှိ၏။ ခရေပွင့်ကုံးများသီကာ ဘုရားပန်းအဖြစ် ပြန်လည်ရောင်းနိုင်ကြ၏။ ထိုစဉ်က ကုသိုလ်တော်ဘုရား ဓမ္မစေတီကျောက်စာရုံ၊ ခရေပင်ကြီးများရှိရာ တံတိုင်းအတွင်း ရင်ပြင်တော်မှာ မြေတလင်းဖြစ်၏။ ရှေးက သီတင်းကျွတ်ဘုရားပွဲတော်မတိုင်မီ နန်းတော်ရှေ့သားများ တစ်နှစ်တစ်ကြိမ် ကုသိုလ်ယူနိုင်သည့် အစဉ်အလာအလေ့အထတစ်ခုရှိ၏။ ထိုအစဉ်အလာမှာ "မြက်ထိုးပွဲ" ဖြစ်၏။ အလေ့ပေါက်နေသော ဘုရားရင်ပြင်တော် လေးဖက်ရှိ ဆူး၊ မြက်၊ ပေါင်းပင်၊ နွယ်ပင်၊ ချုံပင်တို့ကို အစုအဖွဲ့နှင့် ပေါင်းသင်ပေါင်းနုတ်၊ မြက်ရှင်း၊ ချုံရှင်းကြရသည့်ပွဲ ဖြစ်သည်။ သီတင်းဝါလမကုန်မီ ကပင် ကြိုတင်၍ လုပ်ဆောင်ရသည့် မြက်ထိုးပွဲရှိ၏။

ထိုမြက်ထိုးပွဲလာ လူကြီးလူငယ်တို့မှာ ရပ်ကွက်အသီးသီးအပြင် အရှေ့တောရွာများမှလည်း လာရောက်လုပ်အားဒါနပြုကြ၏။ ဆွေတော်မျိုးတော်အဖွဲ့၊ ဒေါနဘွား၊ အနိုပ်တော်၊ မဲခင်းကုန်း၊ ဝါးရောင်းဝင်း၊ ကျွဲရေကုန်း၊ ဇီးချိုကုန်း၊ ဆင်ရွာကြီး စသဖြင့် ကုသိုလ်တော်ဘုရားမြက်ထိုးပွဲကို ရွာနီးချုပ်စပ် အရပ်ရပ်မှ လာရောက်ကြကြောင်း သိရ၏။ ရပ်နီးရပ်ဝေးလာရောက်သည့် လုပ်အားကုသိုလ်ရှင်များအား ကုသိုလ်တော်ဘုရား တောင်ဘက်နှင့် အရှေ့ဘက်တို့ရှိ အုတ်တန်းလျားပေါ်တွင် သောက်ရေအိုးများစီတန်း၍ ရေကုသိုလ်ပြုကြ၏။

နန်းရှေ့ စစ်ကိုင်းတန်းရပ်ကွက်မှ ကန်စွန်းဥယို၊ ဆီးဖြူသီးဆားရေစိမ်၊ ငါးပိကြော်တို့ဖြင့် ဧည့်ခံကြ၏။

တကယ့်တကယ်တော့ မြက်ထိုးပွဲမှာ ကုသိုလ်တော်ဘုရားပွဲမတိုင်မီ တစ်နှစ်တစ်ကြိမ် စီစဉ်ဆောင်ရွက်ကြရသည်။ မြက်ထိုးပွဲပြီးမှ ကုသိုလ်တော်ဘုရားလေးဖက်လေးတန် ဝန်းကျင်သည် မြက်ပင်၊ ပေါင်းပင်ရှင်းတော့၏။ ခြေခင်းလက်ခင်း သာယာတော့၏။ ကုသိုလ်တော်ဘုရားပွဲတော်ချိန်ခါတွင် ဘုရားဖူးလာ ရပ်နီးရပ်ဝေးဧည့်သည်များ ခလုတ်မထိ ဆူးမငြိနိုင်ကြတော့သည်မှာ မြက်ထိုးပွဲ၏ လက်ငင်းကုသိုလ်အကျိုးဖြစ်ပါ၏။

မြက်ထိုးပွဲပြီး၍ ဘုရားပွဲတော်ရက်အတွင်း ညခင်းသည် မန္တလေးတောင်ရိပ် လရိပ်အောက်၌ "နန်းတော်သူ"အသင်း၏ ကရဝိက်ဖောင်တော်မှ ရေကင်းသံတငြိမ့်ငြိမ့်အပြင် ဘုရားရင်ပြင်တော် ရာဟုထောင့်မှ စည်တော်ကြီးအဖွဲ့၏ ဗုံကြီးသံသည် လွမ်းဆွတ်ဖွယ်ရှိခဲ့မည်ဖြစ်၏။

"မြက်ထိုးပွဲ"၏ ညချမ်းသဘင်ပင် ဖြစ်ပေလိမ့်မည်။ "မြက်ထိုးပွဲ"မှာလည်း ခေတ်ကာလံဒေသံ အလျောက် ပပျောက်သွားပြီဖြစ်တော့၏။ ဘုရားပွဲတော်ကား ကျင်းပမြဲနှစ်စဉ်ပင်။ ။

**"တကယ့်တကယ်တော့ မြက်ထိုးပွဲမှာ ကုသိုလ်တော်ဘုရားပွဲမတိုင်မီ တစ်နှစ်တစ်ကြိမ် စီစဉ်ဆောင်ရွက်ကြရသည်။ မြက်ထိုးပွဲပြီးမှ ကုသိုလ်တော်ဘုရား လေးဖက်လေးတန် ဝန်းကျင်သည် မြက်ပင်၊ ပေါင်းပင်ရှင်းတော့၏။ ခြေခင်းလက်ခင်း သာယာတော့၏။ ကုသိုလ်တော်ဘုရားပွဲတော်ချိန်ခါတွင် ဘုရားဖူးလာ ရပ်နီးရပ်ဝေးဧည့်သည်များ ခလုတ်မထိ ဆူးမငြိနိုင်ကြတော့သည်မှာ မြက်ထိုးပွဲ၏ လက်ငင်းကုသိုလ်အကျိုး ဖြစ်ပါ၏"**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါက်နီးဘုရားကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အစ္ဆရိယာရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် အင်းစိန်မြို့နယ်ရှိ ကန်ဦးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းလဲကျောင်းတိုက်နှင့် သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သီရိခေတ္တရာကျောင်းတိုက်နှင့် မကွေးမြို့နယ်ရှိ မြဇေယျုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သီရိရတနာတောရမဂ္ဂင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ စိတ္တသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးလွင်ဦး ဘယ်လာရုစ်နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၅**

ဘယ်လာရုစ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို စက်တင်ဘာ ၃၀ ရက်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ လွတ်လပ်ရေးနန်းတော်၌ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား ဂရီဂိုရီဗစ်ချ် လူကာရှန်ကိုထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**




## ပေါင်မြို့နယ်အတွင်း သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ပေါင် အောက်တိုဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဝါဆို၊ ဝါကပ်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ဝါရီရှူခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပေါင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် ပင့်သံဃာတော် ၂၁ ပါးတို့အား ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် ဇနီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ဇနီးများ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ ပေါင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်ကိုကို၊ မြို့မိမြို့ဖအလှူရှင်များနှင့် ဌာနဆိုင်ရာ ဖိတ်ကြားထားသူများက ပေါင်မြို့နယ်အတွင်းရှိ မြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းမှုများအတွက် ရေစက်ချအနုမောဒနာ တရားချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုခဲ့ကြသည်။

ပေါင်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၂၈ ကျောင်းမှ ရဟန်း ၂၄၉၇ ပါး၊ သာမဏေ ၁၀၂၁ ပါး စုစုပေါင်း ၃၅၁၈ ပါး၊ သီလရှင်ကျောင်း ၅၂ ကျောင်းမှ သီလရှင် ၃၀၀၊ ကျောင်းပေါင်း ၃၈၀ အတွက် ပြည်နယ်အစိုးရက ဆန်အိတ် ၃၀၊ ပေါင်မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် အလှူရှင် ဒေသခံပြည်သူများက ဆန် ၅၀၄ အိတ်၊ ဆီ ၁၆၂ ဘူးနှင့် အခြားလှူဖွယ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၆ သိန်းကျော်ခန့်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂျပန်ဘာသာစကားပြော ဧည့်လမ်းညွှန်များအတွက် ဧည့်လမ်းညွှန်မွမ်းမံသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာဆီယံ-ဂျပန်စင်တာတို့ ပူးပေါင်း၍ ASEAN Standard Tour Guide Upgrading Course for National Tour Guide သင်တန်းအမှတ်စဉ်(၂)ကို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရန်ကုန်မြို့၌ နိုဝင်ဘာ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်ထိ နှစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသည့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် နှစ်နှစ်ပြည့်ပြီးသော ဂျပန်ဘာသာစကားပြော ဧည့်လမ်းညွှန် (National Tour Guide)များသည် အောက်တိုဘာ ၅ ရက်မှစတင်ပြီး သင်တန်းလျှောက်လွှာများကို https://bit.ly/2Xf1I82 တွင် ရယူပြီး လေ့ကျင့်ရေးနှင့်ပညာပေးရေးဌာနခွဲ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၀၆၁၀၅၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၇၇၅၅၉ တို့သို့ ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရေးဦးစွာ နေပြည်တော် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များအကျဉ်းချုပ်ကို ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့်က ရှင်းလင်းတင်ပြသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ က ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ထူးချွန်ဆုရရှိသည့် ဆရာကြီး ဆရာမကြီးများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း ဆုချီးမြှင့်သည်။

ယင်းနောက် နေပြည်တော် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမ ကျောင်းသားကျောင်းသူများက "ပန်းပျိုးသူ" သီချင်းဖြင့် တေးသရုပ်ဖော်တင်ဆက်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနအသီးသီးရှိ ညွှန်ကြားရေးမှူးချုပ်များက ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် အထက်အရာထမ်းများအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင် ဆရာ ဆရာမများအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်/ ကောလိပ်/သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်/ ကောလိပ် / သိပ္ပံအဆင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲနှင့် အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဆရာ ဆရာမ ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကုန်မြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၅**

အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးကကြီးမှူး၍ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ဗဟန်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းသီဆို၍အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက ဖတ်ကြားသည်။

ထို့နောက် ၂၀၂၂ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရ ကျောင်းသားကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့(ကိုယ်စား) တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်ဦးလျှင် ငါးသောင်းကျပ်စီ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည်။

ဆက်လက်၍ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသားကျောင်းသူများက "အာစရိယဂုဏောအနန္တော" သီချင်းနှင့် "ဆရာကန်တော့ပွဲ" သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဆုရရှိသည့် ကျောင်းသားကျောင်းသူများ ၏ လက်ရာများကိုပြသထားရှိသည့် ပြခန်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက ဖတ်ကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဖတ်ကြားခဲ့သည်။

**ဂုဏ်ပြုဆုများချီးမြှင့်**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် ကန်တော့ခံဆရာကြီးဆရာမကြီးများအတွက် ကန်တော့ငွေကျပ် ၂၅ သိန်းကို ဂုဏ်ပြုပေးအပ်ခဲ့ပြီး စာစီစာကုံးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် အထက်တန်းဆင့် ဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်၊ ကဗျာပြိုင်ပွဲ အထက်တန်းအဆင့် ဆုရရှိသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း ချီးမြှင့်ပြီးနောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှပေးပို့သည့် ဆေးအသုံးအဆောင်ပစ္စည်းများကို လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတို့က ကန်တော့ခံဆရာကြီးဆရာမကြီးများအား ပေးအပ်ကာ စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၁၄)၊ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုသီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေများ ချီးမြှင့်ပြီးနောက် ဂုဏ်ထူးဆောင် ဆရာမကြီးနှင့် ထူးချွန် ဆရာမများ၏မှတ်တမ်းဓာတ်ပုံများ၊ ဆုရကျောင်းသားကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာစာမူများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီအမျိုးအစားများအလိုက် ပုံမှန်စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal တွင် MT YU HAI သင်္ဘောမှ ဓာတ်ဆီ 92 Ron ၁ ဒသမ ၈၇ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၃ ဒသမ ၁၈ ဂါလန်သန်း ဆီချလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီ လက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း တွေ့ရှိရသည်။

ယခုရက်သတ္တပတ်အတွင်း စက်သုံးဆီဈေးနှုန်းများတွင် ဓာတ်ဆီဈေးနှုန်းမှာ တဖြည်းဖြည်း ကျဆင်းလာသော်လည်း ဒီဇယ်ဈေးနှုန်းမှာ ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်လာမှုကြောင့် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရသည်။

စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် အချို့စက်သုံးဆီအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းထက် ပိုမိုရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်များကို စိစစ်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေ ၂၀၁၇ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



# ပြည်တွင်း ရွှေဈေးကွက် အလားအလာ

နေပြည်တော် အောက်တိုဘာ ၅

ယခုအချိန်ကာလသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာ၍ စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများ စတင်ရင်းနှီးလုပ်ကိုင်ရန်အတွက် စုဆောင်းထားသော ရွှေထည်များကို ရွှေဆိုင်များတွင် ရောင်းချမှုများ ဆက်လက်များပြားလျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၅ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၂၀ ဖြစ်၍ ယခင်အပတ်ရွှေဈေးနှုန်းထက် ၉၅ ဒေါ်လာပိုမိုခဲ့သည်။ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၂၀၁၄၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၉၅၀၀၀ ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက် ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ် ခုနစ်သိန်းကျော်ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၇၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရှိရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှု လျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအား ပိုမိုနေသဖြင့် ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်နေပြီး ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းထက် ငွေကျပ် ၃၀၀၀၀ ခန့် ပိုမိုကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

သတင်းစဉ်



# ဒိုက်ဦးမြို့နယ်တွင် ကောက်စောစပါးစိုက် တောင်သူများ အကျိုးအမြတ် ရရှိနေ

နေပြည်တော် အောက်တိုဘာ ၅

ဒိုက်ဦးမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး ၁၆၇၀၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါတွင် ကောက်စောစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီဖြစ်သည်။ တောင်သူတစ်ဦးမှာ အယ်လ်ဖာစပါးမျိုး ရှစ်ဧကခန့် စိုက်ပျိုးရာ ကောက်စောစပါး တစ်ဧကလျှင် စပါးတင်း ၈၀ ခန့်ထွက်ရှိကြောင်း၊ ကြဲခင်းဖြစ်သောကြောင့် စိုက်ပျိုးမှုကုန်ကျစရိတ်မှာ သက်သာ၍ တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ခန့် ကုန်ကျကြောင်း၊ စပါးတစ်တင်းလျှင် အစိုဓာတ်အပါ ပေါင် ၅၀ နှုန်း၊ တင်း ၁၀၀ လျှင် ငွေကျပ် ၁၀၃၅၀၀၀ ဈေးဖြင့် ရောင်းချရသောကြောင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၀၀၀၀၀ ခန့်ရရှိကြောင်း သိရသည်။ DOCA(ပဲခူး)

# ဂျာမနီနိုင်ငံက ယူအေအီးနိုင်ငံနှင့် စွမ်းအင်ကဏ္ဍပူးပေါင်းရန် စီစဉ်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr. Olaf Scholz သည် စက်တင်ဘာလနောက်ဆုံးပတ်တွင် ယူအေအီးနိုင်ငံသို့ သွားရောက်၍ LNG ဓာတ်ငွေ့ဝယ်ယူရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးသဘောတူညီမှုများ ပြုလုပ်ခဲ့သည်။ ယူအေအီးနိုင်ငံ Abu Dhabi မြို့တွင် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် သမ္မတ Mr.Sheikh Mohammed bin Zayed Al Nahyan နှင့် တွေ့ဆုံ၍ ပင်လယ်ကွေ့ဒေသမှ LNG ဓာတ်ငွေ့များဝယ်ယူရန် တွေ့ဆုံဆွေးနွေးခဲ့ပြီး ယူအေအီးနိုင်ငံနှင့် Energy Security Agreement ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ဂျာမန်စွမ်းအင်ကုမ္ပဏီ RWE သည် လာမည့် ဒီဇင်ဘာလတွင် ဟမ်းဘတ်မြို့အနီးရှိ Brunsbüttel LNG Terminal သို့ တစ်ရက်လျှင် ဓာတ်ငွေ့ ၁၃၇၀၀၀ ကုဗမီတာ (0.95 billion kilowatt hours of electricity) ပို့ဆောင်ရန် သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ RWE ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်မှစ၍ နှစ်ကာလရှည် ဓာတ်ငွေ့ပေးဝေရေး သဘောတူညီမှုစာချွန်လွှာတစ်ခုကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။ ဂျာမနီဝန်ကြီးချုပ်နှင့်အတူ ဂျာမန်စွမ်းအင်ကုမ္ပဏီအများအပြား လိုက်ပါခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့ချင်း(ဂျင်း)

နေပြည်တော် အောက်တိုဘာ ၅

ချင်း(ဂျင်း) တက်လို့ခေါ်သော Ginger Roots မှာ ကာဗွန်ဟိုက်ဒရိတ် ၁၇ ဒသမ ၇၇ ရာခိုင်နှုန်း၊ သကြား ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အမျှင်ဓာတ် နှစ်ရာခိုင်နှုန်း၊ ပရိုတင်း ၁ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် အဆီသုည ဒသမ ၇၅ရာခိုင်နှုန်းပါဝင်ပြီး မူရင်းဒေသမှာ အရှေ့တောင်အာရှဖြစ်သည်။ တစ်နှစ်ခံပင် ပင်ပျော့မျိုးဖြစ်ပြီး ချင်းကို ဟင်းခတ်အမွှေးအကြိုင်၊ တိုင်းရင်းဆေး၊ ချင်း(ဂျင်း)သုပ်အဖြစ် အသုံးပြုကြသည်။ ချင်းကို မြန်မာနိုင်ငံအနှံ့စိုက်ပျိုးကြပြီး သက်တမ်းအားဖြင့် ခုနစ်လမှ ရှစ်လရှိပြီး မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း မိုးများပြီး မြစ်ချောင်းပေါသောဒေသရှိ သဲနုန်းမြေ၊ နုန်းမြေသဲဝန်းမြေ၊ ရေသွင်းရေထုတ်ကောင်းသည့် မြေမျိုးတွင် စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရသည်။ အရိပ်ကောင်းလေ အထွက်ကောင်းလေဖြစ်ပြီး အထွက်နှုန်းအားဖြင့် တစ်ဧကလျှင် ပိဿာ ၂၀၀၀ ကျော်ခန့်ထွက်ရှိသည်။ အောင်ပန်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ထွက်ရှိသော မြန်မာ့ချင်း(ဂျင်း)များအား ဒေသတွင်း ရောင်းချမှုများရှိသလို ပြည်ပဈေးကွက်ကိုလည်း ထိုးဖောက်ရောင်းချနိုင်ခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့လျက်ရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလ မှ ဩဂုတ်လအထိ) မောင်တောကုန်သွယ်ရေးစခန်းမှ ချင်း(ဂျင်း) တန်ချိန် ၇၁၆ တန်တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်ဘင်္ဂလားဒေ့ရှ်ဈေးကွက်၌ ဘာသာရေးပွဲတော်များရှိသည့်အချိန်မျိုးတွင် ပိုမိုဝယ်လိုအားကောင်းကြောင်း သိရသည်။ သတင်းစဉ်



# ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုသတင်းအခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကန်ပိုက်တီကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ပို့ကုန် သုည ဒသမ ၂၅၀ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၅၀၇ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၇၅၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောထွက်ရှိမှုနည်းပါးသည့်ကာလဖြစ်ခြင်း၊ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ကုန်သွယ်မှုလမ်းကြောင်းတွင် မကြာခဏမြေပြိုမှုများ ဖြစ်ပေါ်ခြင်းနှင့် တစ်ဖက်နိုင်ငံသုံး ယွမ်ငွေကြေး တည်ငြိမ်မှုမရှိဘဲ အတက်အကျများနေခြင်းတို့ကြောင့် ပို့ကုန်ပမာဏမှာ အနည်းငယ်ကျဆင်းခဲ့သည်။ သွင်းကုန်ပိုင်းတွင် သံနှင့် သံမဏိဆောက်လုပ်ရေးသုံးပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ တာယာနှင့် ကျွတ်များ၊ ချုပ်ပြီး အဝတ်အထည်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းခဲ့သည်။ စက်တင်ဘာလအတွင်း ငွေကြေးပြောင်းလဲမှုအနေဖြင့် ပြင်ပပျမ်းမျှငွေလဲနှုန်းမှာ တရုတ်ယွမ်ငွေ တစ်ယွမ်လျှင် ၄၇၇ ဒသမ ၉၂ ကျပ်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# သာယာဝတီခရိုင်ရှိ မြို့နယ်များတွင် မိုးမြေပဲဈေးကောင်းရနေ

နေပြည်တော် အောက်တိုဘာ ၅

မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံရေးအတွက် အထောက်အကူဖြစ်စေနိုင်ရန် နိုင်ငံတစ်ဝန်း အချို့နေရာဒေသများ၌ မိုးမြေပဲများ စိုက်ပျိုးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုနှစ် မိုးမြေပဲ ၂၃၉၁ ဧက စိုက်ပျိုးထားရှိသည်။ သောင်ခုံများတွင် စိုက်ပျိုးမည်ဆိုပါက ပေါင်းသတ်ဆေးဖျန်းကာ စိုက်ခင်းမြေကိုပြုပြင်၍ စိုက်ပျိုးကြရပြီး မိုးမြေပဲစိုက်ပျိုးရန် မျိုးပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် တစ်ဧကလျှင် ခြောက်တင်းနှုန်း ဝယ်ယူစိုက်ပျိုးကြရသည်။ ထိုဒေသရှိ တောင်သူအများစုမှာ သောင်ခုံမြေများပေါ်တွင် အဓိကစိုက်ပျိုးကြပြီး သွင်းအားစု အနည်းငယ်သာသုံးရသည့်အတွက် ကုန်ကျစရိတ်သက်သာသည်ဟု တောင်သူတစ်ဦးထံမှသိရသည်။ သို့ပါ၍တစ်ဧကအတွက် ကုန်ကျစရိတ်မှာ သွင်းအားစုနှင့်လုပ်အားခများအပါအဝင် ငွေကျပ် ၁၆၅၀၀၀ ဖြစ်ပြီး တစ်ကောဝင်ငွေမှာ ကျပ် ၁၅ သိန်းခန့်ရရှိနိုင်သဖြင့် ငွေကျပ် ၁၂ သိန်းခန့် အမြတ်အစွန်းရရှိနိုင်သည့် အလားအလာရှိသောကြောင့် ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ တွက်ခြေကိုက်နေကြကြောင်း သိရသည်။ DOCA(ပဲခူး)

# လွယ်ဂျယ်နယ်စပ်မှ ကြိမ်တင်ပို့မှု ယခင်နှစ်ထက်ပိုမို

နေပြည်တော် အောက်တိုဘာ ၅

ရွှေကူ၊ မဘိန်း၊ မန်စီ၊ မိုးမောက်၊ ဗန်းမော်၊ မြစ်ကြီးနား၊ ဆင်ဘို၊ တာလော့ကြီးဒေသများမှထွက်ရှိသော ကြိမ်များကို ဗန်းမော်မြို့ရှိ တစ်ပိုင်တစ်နိုင် ကြိမ်လုပ်ငန်းရှင်များက ဗန်းမော်မြို့အရောက် ကြိမ်တစ်ချောင်းလျှင် ငွေကျပ် ၄၀၀ ခန့်ဖြင့် ဝယ်ယူကြပြီး အချောသတ်ခြင်း၊ နေလှန်းခြင်းများဆောင်ရွက်ကာ အကြမ်းထည်အတိုင်း တရုတ်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရသည်။ တရုတ်နိုင်ငံသို့ "တောင်" ကြိမ်တစ်မျိုးတည်းသာ တင်ပို့ပြီး ကျန်ကြိမ်အမျိုးအစားများကို ရန်ကုန်၊ မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြသည်။ အရည်အသွေးပေါ်မူတည်၍ "တောင်" ကြိမ် တစ်တန်လျှင် ဈေးနှုန်း ယွမ် ၄၅၀၀မှ ယွမ် ၆၀၀၀ အထိရရှိကြောင်း သိရသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ကြိမ်တန်ချိန် ၅၁၃ ဒသမ ၉၀ တန် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန် ၁၆၀ ဒသမ ၅၀ တန်ကို လွယ်ဂျယ်နယ်စပ်ဒေသမှ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် အောက်တိုဘာ ၁ ရက်တွင် တစ်ယွမ်လျှင် ၃၇၀ ဒသမ ၃၇ ကျပ် ဖြစ်ခဲ့ပြီး အောက်တိုဘာ ၅ ရက်တွင် တစ်ယွမ်လျှင် ၄၀၃ ဒသမ ၂၃ ကျပ်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ရွှေဘိုမြို့တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

ရွှေဘိုခရိုင်အနေဖြင့် ယခုနှစ်တွင် ကြက်သွန်နီ ၁၃၇၅၆ ဧက စိုက်ပျိုးပြီး တစ်ဧကလျှင် ၄၅၇၉ ဒသမ ၃၅ ပိဿာနှုန်း ထွက်ရှိသဖြင့် စုစုပေါင်း ၆၂၉၉၃၅၄၅ ပိဿာ၊ ကြက်သွန်ဖြူ ၆၉၈၉ ဧက စိုက်ပျိုးပြီး တစ်ဧကလျှင် ၂၈၉၄ ဒသမ ၀၂ ပိဿာနှုန်းထွက်ရှိသဖြင့် စုစုပေါင်း ၂၀၂၂၆၃၃၄ ပိဿာ ထွက်ရှိသည်။

ရွှေဘိုခရိုင်တွင်ဩဂုတ်လ တတိယပတ်၌ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀နှင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ပေါက်ဈေး ရှိခဲ့ရာမှ ယခုအခါ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ပျိုးမှုများသည့် ရွှေဘိုမြို့နယ်အရှေ့ဘက်ခြမ်းရှိကျေးရွာများ၊ ခင်ဦးမြို့နယ်နှင့် ရေဦးမြို့နယ်တို့မှ သိုလှောင်ထားသည့် ပစ္စည်းလက်ကျန်များ ရွှေဘိုမြို့သို့ ဝင်ရောက်လာခြင်း၊ ဝါတွင်းကာလဖြစ်သည့်အတွက် အရောင်းအဝယ်ပါးသဖြင့် ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ DOCA (စစ်ကိုင်း)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၇၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆၅ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၄၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၆၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၇၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၂၉,၄၆၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၅,၁၄၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၅၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၉,၂၄၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၃) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၁၀-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၅၉၉,၄၅၉) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၆၄၅,၄၅၁) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၄-၁၀-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၅၉၉,၄၅၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၄၅,၄၅၁ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း)မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟုသိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကိုအကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက် ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၃၀၈၉၅၆ | ၉၅၃၃၇၈၉၀ | ၁၀၈၅၃၆၆ |
| ၂။ | အိန္ဒိယ | ၄၄၆၀၁၉၃၄ | ၄၄၀၃၉၈၈၃ | ၅၂၈၇၃၃ |
| ၃။ | ပြင်သစ် | ၃၅၅၇၃၁၃၅ | ၃၄၆၄၂၈၆၄ | ၁၅၅၂၇၂ |
| ၄။ | ဘရာဇီး | ၃၄၇၃၅၅၄၂ | ၃၃၈၇၅၈၇၇ | ၆၈၆၅၃၁ |
| ၅။ | ဂျာမနီ | ၃၃၅၁၉၇၆၁ | ၃၂၄၇၃၄၀၀ | ၁၅၀၁၉၂ |
| ၆။ | တောင်ကိုရီးယား | ၂၄၈၈၂၈၉၄ | ၂၄၃၃၁၁၇၄ | ၂၈၅၄၄ |
| ၇။ | ဗြိတိန် | ၂၃၆၇၂၈၅၅ | ၂၃၃၆၉၅၁၈ | ၁၉၀၃၁၇ |
| ၈။ | အီတလီ | ၂၂၆၀၂၈၄၀ | ၂၁၉၃၃၇၇၂ | ၁၇၇၂၅၇ |
| ၉။ | ဂျပန် | ၂၁၄၂၆၈၅၅ | ၂၀၄၀၇၉၄၀ | ၄၅၁၅၇ |
| ၁၀။ | ရုရှား | ၂၁၁၁၈၆၂၉ | ၂၀၂၆၆၀၃၃ | ၃၈၇၇၇၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၃၅၂၉ | ၁၀၅၉၄၈၄၄ | ၄၃၁၅၁ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၉၂၉၂ | ၆၂၆၄၁၈၄ | ၁၅၈၁၆၅ |
| ၃။ | မလေးရှား | ၄၈၄၆၅၉၂ | ၄၇၈၇၂၅၀ | ၃၆၃၈၅ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၅၈၇၈၆ | ၃၈၆၉၉၄၂ | ၆၃၁၁၁ |
| ၆။ | စင်ကာပူ | ၁၉၂၄၁၃၉ | ၁၈၃၉၀၆၂ | ၁၆၂၄ |
| ၇။ | မြန်မာ | ၆၂၅၁၄၇ | ၅၉၉၂၄၈ | ၁၉၄၆၃ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၉၂၆ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၉၇ | ၁၃၄၇၆၇ | ၃၀၅၆ |

## လှည်းကူးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး နှာခေါင်းစည်းများဖြန့်ဝေ

**လှည်းကူး အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက လှည်းကူးမြို့ ပဲခူး-ရန်ကုန် လမ်းပေါ်ရှိ မင်းလွင်ကုန်းစစ်ဆေးရေးဂိတ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ခရီးသွားပြည်သူများအား နေအိမ်ပြင်ပသို့ ထွက်ခွာပါက ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးရေး၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း စနစ်တကျနေထိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေပြည့်ဝစွာ ထိုးနှံရေးတို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ယခုနှစ် ရူပဗေဒနိုဘယ်လ်ဆုကို ကွမ်တမ် သတင်းအချက်အလက်သိပ္ပံပညာရပ်ဆိုင်ရာ လက်တွေ့စမ်းသပ်မှုများပြုလုပ်သည့် ရူပဗေဒပညာရှင် သုံးဦးရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၅**

ယခုနှစ် ရူပဗေဒနိုဘယ်လ်ဆုကို ရူပဗေဒပညာရှင် သုံးဦးဖြစ်သည့် Alain Aspect၊ John Clauser နှင့် Anton Zeilinger တို့က ရရှိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် ရောထွေးလျက်ရှိသည့် လျှပ်စစ်စွမ်းအင်များ (ဖိုတွန်များ) ကို လေ့လာပြီး လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါလက်တွေ့စမ်းသပ်မှုများသည် ကွမ်တမ် သတင်းအချက်အလက်သိပ္ပံ (quantum information science) ပညာရပ်ကို ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့ဖြစ်စေသည့်အတွက် ယခုနှစ် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ၎င်းသုံးဦးအား ရွေးချယ်ခဲ့ကြောင်း သိရသည်။

Royal Swedish Academy of Sciences က ရူပဗေဒပညာရှင်သုံးဦးဖြစ်သည့် Alain Aspect၊ John Clauser နှင့် Anton Zeilinger တို့အား ဆုချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း အောက်တိုဘာ ၄ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အမှုန်များသည် ရောထွေးနေသည့်အခြေအနေရောက်ရှိသည့်တိုင် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိပြီး သက်ရောက်မှုရှိကြောင်း လက်တွေ့စမ်းသပ်မှုများနှင့် သီအိုရီများမှတစ်ဆင့် သက်သေပြသနိုင်ခဲ့သည်။

အဆိုပါတွေ့ရှိမှုသည် ကွမ်တမ်သတင်းအချက်အလက်သိပ္ပံအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်စေခဲ့သည်။

ကွမ်တမ်နည်းပညာသည် ကွမ်တမ် ရွေ့ရှားမှုနှင့် စွမ်းအင်ဆိုင်ရာ သိပ္ပံပညာရပ်၏ အခြေခံမှုများ သို့မဟုတ် အက်တမ်ခွဲအမှုန်များ၏ ရူပဗေဒကို လေ့လာသည့်ပညာရပ်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆွီဒင် သိပ္ပံပညာရှင် Svante Paabo ယခုနှစ်အတွက် ဆေးပညာနိုဘယ်လ်ဆု ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၅**

ဆွီဒင် သိပ္ပံပညာရှင် Svante Paabo က လူသားများ၏ မူလအစကိုလေ့လာရာတွင် သူ၏ရှာဖွေတွေ့ရှိမှုသည် အထောက်အကူပြုစေသည့်အတွက် သူ့အား နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ယခုနှစ်အတွက် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Paabo သည် နှစ်ပေါင်း ၄၀၀၀၀ သက်တမ်းရှိ အရိုးအပိုင်းကို အသုံးပြုပြီး ဥရောပကျောက်ခေတ်လူသားဆိုင်ရာ DNA ဆဲလ်များစီတန်းခြင်းနှင့် စုစည်းမှုတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ မျိုးသုဉ်းလုနီးပါးဖြစ်သည့် Hominin သို့မဟုတ် Denisova ရှေးဟောင်းလူသားမျိုးစိတ်တစ်မျိုးကို တွေ့ရှိခဲ့သည်။ အဆိုပါမျိုးစိတ်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀၀၀၀ ခန့်က အာဖရိကမှ ရွှေ့ပြောင်းလာပြီးနောက် ၎င်းတို့မှတစ်ဆင့် ခေတ်သစ်လူသားမျိုးစိတ်တစ်မျိုးဖြစ်သည့် Homo sapiens သို့ မျိုးဗီဇလွှဲပြောင်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း Paabo က တွေ့ရှိခဲ့သည်။

Paabo သည် ဂျာမနီတွင် မနုဿဗေဒ ဆင့်ကဲဖြစ်စဉ်အတွက် Max Planck Institute ကို တည်ထောင်ခဲ့သည်။ ထို့ပြင် ဂျပန်နိုင်ငံ အိုကီနာဝါမြို့ရှိ Institute of Science and Technology Graduate University တွင် တွဲဖက်ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

Paabo ၏ဖခင်သည် ၁၉၈၂ ခုနှစ်တွင် ဆေးပညာနိုဘယ်လ်ဆုကို ရရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ဘတ်စ်ကားတိမ်းမှောက်မှုကြောင့် ၂၀ ကျော်သေဆုံး

**နယူးဒေလီ အောက်တိုဘာ ၅**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ်၏ တောင်ကုန်းထူထပ်သောဒေသရှိ ချောက်နက်တစ်ခုအတွင်းသို့ အောက်တိုဘာ ၄ ရက်နေ့ခင်းပိုင်းတွင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ခရီးသည် ၂၀ ကျော်သေဆုံးမှုဖြစ်ပွားခဲ့ပြီး အခြားသောခရီးသည် ၂၀ ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က အောက်တိုဘာ ၅ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် သေဆုံးသူရုပ်အလောင်း ၂၀ အား ရှာဖွေတွေ့ရှိထားပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ခရီးသည်တင်ဘတ်စ်ကားသည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုသို့ သွားရောက်မည့် ခရီးသည်များအား တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး အနက်ကီလိုမီတာ ၅၀၀ ရှိ ချောက်အတွင်းသို့ ထိုးကျခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဥတ္တရာခန်းပြည်နယ် ပေါ်ရီဂါဝယ်ခရိုင် ဒူမာကော့ဒေသအနီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့် အဆိုပါဘတ်စ်ကားပေါ်တွင် ခရီးသည် ၄၅ ဦးခန့်ပါရှိကြောင်း သိရသည်။ လက်ရှိတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်းနှင့် တက်နိုင်သမျှ အကူအညီအားလုံး ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်မိုဒီက တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**



# အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၅၀၀ ကျော် ဒဏ်ရာရ

**တီဟီရန် အောက်တိုဘာ ၅**

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အနောက်အဇာဘိုင်ဂျန်ပြည်နယ်၌ အောက်တိုဘာ ၅ ရက်နံနက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် အနည်းဆုံး လူပေါင်း ၅၃၀ ဒဏ်ရာရရှိခဲ့ကြောင်း တက်စ်နင်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမြေငလျင်သည် ယနေ့နံနက် ၃ နာရီ ၅၁ မိနစ်အချိန်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အရှေ့လောင်ဂျီကျု ၄၅ ဒီဂရီ၊ မြောက်လတ္တီကျု ၃၈ ဒသမ ၅ ဒီဂရီနှင့် အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အီရန်နိုင်ငံ မြေငလျင်စင်တာက ပြောကြားသည်။

ယင်းမြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူနေအိမ်အလုံး ၅၀၀ အထိ ပျက်စီးမှုရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူအရေအတွက်သည်လည်း ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း အနောက်အဇာဘိုင်ဂျန် ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ဆာဒက်မိုတာမီဒီယန်၏ ပြောကြားချက်ကို ကိုးကား၍ တက်စ်နင်သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၇၃၉ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၇၃၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၄၈၈၂၈၉၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။



တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၆၉ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၈၅၄၄ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုညဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# မန္တလေးတိုင်းဒေသကြီး၌ လက်မှတ်ရပိုးသတ်ဆေး သုံးစွဲသူများသင်တန်း ပြီးမြောက်သူ ၃၄၀၀ ခန့်ရှိ

နေပြည်တော် အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ တောင်သူများ၊ ပိုးသတ်ဆေးရောင်းချသူများ၊ ပိုးသတ်ဆေးကုမ္ပဏီမှ ဝန်ထမ်းများအပါအဝင် ပိုးသတ်ဆေးများကို ထိတွေ့ကိုင်တွယ်အသုံးပြုနေသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးချနိုင်ရေးနှင့် ပိုးသတ်ဆေးဆိုင်ရာ ဥပဒေများနှင့်အညီ သိုလှောင်ရောင်းချနိုင်စေရေး အတွက် (၂၇)ကြိမ်မြောက် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းကို အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း၊ သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန ပညာရှင်များက ပိုးသတ်ဆေးဆိုင်ရာ နည်းပညာရပ်များ၊ ပိုးသတ်ဆေးဥပဒေနည်းဥပဒေဆိုင်ရာ ဗဟုသုတများနှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပို့ချဆွေးနွေးခဲ့ကြပြီး သင်တန်းသား ၁၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပိုးသတ်ဆေး လက်လီလက်ကား ရောင်းချသည့်ဆိုင်ပေါင်း ၇၉၆ဆိုင်ရှိကာ အဆိုပါဆိုင်များအနေဖြင့် တောင်သူလယ်သမားများ ပိုးသတ်ဆေးများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေးကောင်းမွန်ပြီး အာနိသင်ပြည့်ဝသော ပိုးသတ်ဆေးများကို သုံးစွဲနိုင်စေရေး၊ စစ်မှန်ပြီး အရည်အသွေးပြည့်ဝသော ပိုးသတ်ဆေးများကိုသာ ရောင်းချပေးရေး၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သော အသိပေးချက်များ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ (၂၆) ကြိမ်မြောက် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းပြီးဆုံးချိန်အထိ သင်တန်းသူ သင်တန်းသား ၃၂၀၀ ကျော် သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခဲ့ပြီးဖြစ်၍ ယနေ့ကျင်းပသည့် သင်တန်းဆင်းပွဲအထိ စုစုပေါင်း သင်တန်းသား ၃၄၀၀ ခန့်ကို ပိုးသတ်ဆေးဆိုင်ရာ နည်းပညာရပ်များ၊ ပိုးသတ်ဆေးဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (တနင်္လာနေ့)သည် "ဒီပါဝလီနေ့" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအား ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် မြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ကန့်ကြီးထောင့်မြို့နယ် အနောက်စုကြီး(စံပြ)ကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

ကန့်ကြီးထောင့် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိမ်တွင်းမှုသင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက အနောက်စုကြီး(စံပြ) ကျေးရွာရှိ ကရင်အမျိုးသားစာပေသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးနေထက်ရှိန်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က သင်တန်းသားသင်တန်းသူများ သင်တန်း၌ တက်မြောက်အောင် သင်ယူပြီးဖြစ်၍ လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာထိထိရောက်ရောက် အသုံးပြုကြရေး တိုက်တွန်းရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါစက်ချုပ်သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၅ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသားသင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်္ဂပူမြို့၌ အခြေခံစားသုံးကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

အင်္ဂပူ အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ကုန်စည်ဈေးနှုန်းများ မြင့်တက်နေမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက အင်္ဂပူမြို့ မြို့မဈေးတွင် ပြည်သူများအား အခြေခံစားသုံးကုန်များ ရောင်းချပေးခဲ့သည်။

အဆိုပါစားသုံးကုန်များရောင်းချရာသို့ အင်္ဂပူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဈေးရောင်း၊ ဈေးဝယ်မှုများအား ကြည့်ရှုအားပေးကူညီခဲ့ပြီး ရောင်းချရာတွင်ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥသုံးလုံး ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၁၀၀၀ နှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

# တောင်ကုတ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

တောင်ကုတ် အောက်တိုဘာ ၅

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။




အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ကုတ်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးမြင့်ရွှေက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေတင့်တို့က ကလေးအလုပ်သမားနှင့် ပတ်သက်၍ ILO က သတ်မှတ်ထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းစီမံချက်အရ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးကော်မတီမှ စီမံကိန်းချမှတ်ဆောင်ရွက်နေမှုအကြောင်းများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေလင်းထွန်း(ခ)ဘိုတောက်၊ အောင်မြင့်မြတ်(ခ)ခေါ်လေးနှင့် အောင်ကိုကိုလွင်(ခ)အောင်ကို တို့အားသိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မြိတ်၊ တောင်ဥက္ကလာပနှင့် တာချီလိတ်မြို့နယ်များတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ပိတောက်လမ်းနေ အောင်စန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် မြဝတ်ရည်(၂)လမ်းနေ စိုးသူရ(ခ) ရထား(ခ) ကွမ်းပုံး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကိုလည်းကောင်း။

ထို့အတူ အောက်တိုဘာ ၄ ရက် ညနေ ၆ နာရီတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ အောင်မြင့်မြတ် (ခ)ခေါ်လေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ကွင်းဆက်အရ ညနေ ၆ နာရီခွဲတွင် အသယက(၂၂)လမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ နေလင်းထွန်း (ခ)ဘိုတောက် အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကိုလည်းကောင်း။

အောက်တိုဘာ၃ရက် နံနက်အစောပိုင်းတွင် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ဝင်းရဲထက်ကျော်(ခ)ကိုရဲ အား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ခဲ့ပြီး အမြင်မှန်ရရှိ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော အရာရှိတစ်ဦး၏ ပြောကြားချက်

**သတင်းတုသတင်းမှားတွေကို ယုံကြည်ခြင်း၊ ကိုယ့်ရဲ့တဒင်္ဂဆုံးဖြတ်ချက်အမှားကြောင့် ကိုယ်ကိုယ်တိုင်သာမက ကိုယ့်ရဲ့မိသားစုဝင်များအပေါ် ပျက်စီးရာပျက်စီးကြောင်းကို မလုပ်မိစေဖို့နဲ့ လူမှုကွန်ရက်တွေပေါ်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေရဲ့ဆုကြေးနဲ့ CDM လုပ်ဖို့ စည်းရုံးသိမ်းသွင်းမှုတွေကို နားမယောင်ဘဲ နိုင်ငံတော်အပေါ် သစ္စာစောင့်သိဖို့ တိုက်တွန်းလိုက်ပါတယ်**

နေပြည်တော် အောက်တိုဘာ ၅

**ကျောက်ကြီးတပ်နယ်၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူး မျိုးမင်းထွန်းသည် ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တာဝန်ကျရာစခန်းမှ အကြောင်းမဲ့လက်နက်မဲ့ ခွင့်မဲ့ပျက်ကွက်ခဲ့သည်။ ခွင့်မဲ့ပျက်ကွက်ပြီးနောက် မတ် ၂၀ ရက်မှစတင်၍ NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ တပ်မတော်ဆိုင်ရာကိစ္စရပ်များနှင့် တပ်တွင်းစည်းလုံးမှုပျက်ပြားစေနိုင်သော အကြောင်းအရာများကို လုပ်ကြံဖန်တီးထားသည့် ပြောဆိုချက်များအား လူမှုကွန်ရက်များတွင် ထုတ်လွှင့်ခဲ့သည်။ ထို့နောက် အဆိုပါအရာရှိသည် CDM ပြုလုပ်စဉ် တွန်းအားပေးစေခိုင်းခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် လူနေမှုဘဝလုံခြုံမှုမရှိခြင်းတို့ကြောင့် အမြင်မှန်ရရှိကာ ၎င်းကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တပ်မတော်နှင့်နိုင်ငံတော်ကပေးအပ်သော ပြစ်ဒဏ်ကို ခံယူမည်ဖြစ်ကြောင်း ဆုံးဖြတ်၍ တပ်မတော်သို့ ပြန်လည်ဆက်သွယ်ကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ အဆိုပါအရာရှိ၏ ပြောကြားချက်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။**

"၂၀၂၁ ခုနှစ် တပ်မတော်က အာဏာထိန်းပြီးနောက်ပိုင်း ကျွန်တော်အပါအဝင် မိသားစုများကို အကြမ်းဖက်NUG၊NLDထောက်ခံအားပေးသူများက အကြောင်းမဲ့ မုန်းတီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ငါနှင့်မတူငါ့ရန်သူဟု သဘောထားခြင်းများ ပြုလုပ်လာခဲ့ပါတယ်။



### NUG ရဲ့ စည်းရုံးမှုများကြောင့်

"ယာယီတပ်ရင်းမှူးတာဝန် ထမ်းဆောင်နေစဉ် ကာလအတွင်းမှာလည်း တပ်တည်ဆောက်ရေးလုပ်ငန်းအတွက် တပ်ရင်းရန်ပုံငွေသုံးစွဲရာမှာ ကြပ်မတ်နိုင်မှုမရှိတဲ့အတွက် ငွေကြေးအခက်အခဲဖြစ်ပေါ်လာခြင်း၊ တပ်ရင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ခဲ့မှုမရှိဘဲ တပ်ရင်းရန်ပုံငွေများကို တရားမဝင်သုံးစွဲခဲ့ခြင်း၊ ကျွန်တော့်အနေနဲ့ အရာရှိ/စစ်သည်များအပေါ် အပြည့်အဝကွပ်ကဲမှုမပြုလုပ်နိုင်ခြင်းစတဲ့ အခက်အခဲတွေကြုံတွေ့နေရချိန် လူမှုကွန်ရက်တွေပေါ်မှာ တပ်မတော်သားတွေ CDMပြုလုပ်မယ်ဆိုရင် ဩစတြေးလျနိုင်ငံသို့ သွားရောက်ခွင့်ရမယ်ဆိုတဲ့ NUG ရဲ့ စည်းရုံးမှုတွေကြောင့် CDM ပြုလုပ်ဖို့ ဖြစ်လာခဲ့ပါတယ်။

"ဖာပွန်မြို့နယ်ကို စစ်ဆင်ရေးတာဝန်နဲ့ ရောက်ရှိချိန်မှာ ညီသုတနဲ့ချိတ်ဆက်ခဲ့ပါတယ်။ အဲ့ဒီနောက် ညီသုတက CDM ပြုလုပ်ပြီးရင် ထိုင်းနိုင်ငံ မဲဆောက်မြို့ကတစ်ဆင့် တတိယနိုင်ငံဖြစ်တဲ့ ဩစတြေးလျနိုင်ငံကို ပို့ဆောင်ပေးမှာဖြစ်ကြောင်း ပြန်လည်ပြောဆိုခဲ့တဲ့အတွက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ CDM ပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံဘက်ခြမ်းကို သောင်ရင်းမြစ်ကို စက်လှေနဲ့ ဖြတ်ကူးခဲ့ပါတယ်။ ပြီးတော့ ထိုင်းနိုင်ငံ မဲလမတ်မြို့နယ်မှတစ်ဆင့် မော်တော်ယာဉ်တစ်စီးနဲ့ လိုက်ပါပို့ဆောင်ခဲ့ရာ မဲဆောက်မြို့ ကတ်ပိဘန်းရပ်ကွက်၊ ဆာမူးထော်အမည်ရှိတဲ့ ရွှေ့ပြောင်းမြန်မာစာသင်ကျောင်းကို ရောက်ရှိခဲ့ပါတယ်။

"ဆာမူးထော် ရွှေ့ပြောင်းမြန်မာစာသင်ကျောင်းမှာ CDM ဝန်ထမ်းတွေ၊ နိုင်ငံရေးသမားတွေ ထိုင်းနိုင်ငံဘက်ခြမ်းကို ထွက်ပြေးတိမ်းရှောင်လာရင် အဲဒီကျောင်းကို ကြားစခန်းတစ်ခုအဖြစ် ထားရှိပါတယ်။ ကျွန်တော်ရောက်ရှိချိန်မှာ ၁၅ ဦးခန့် ခိုလှုံနေထိုင်နေပြီး အဲဒီမှာ ရက် ၂၀ ခန့် နေထိုင်ခဲ့ပါတယ်။ နေထိုင်စဉ်မှာ CDM အဖွဲ့တွေကို Media နဲ့ တွေ့ဆုံဖို့ တွန်းအားပေးမှုတွေရှိတဲ့အတွက် "ပြည်သူ့ပန်းတိုင်" Facebook page မှ CDM ပြုလုပ်ထားတဲ့ ညီသုတနဲ့ ချိတ်ဆက်ပြီးတော့ သူတို့ဖြေကြားစေလိုတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး ပျက်ပြားစေမယ့်အချက်အလက်များပါဝင်ဖို့ အဓိကဆွေးနွေးခဲ့ပါတယ်။ ၂၀ ရက်နေ့မှာ အမေး/အဖြေ ပြုလုပ်ခဲ့ပြီး "ပြည်သူ့ပန်းတိုင်" Facebook page မှာ ပြန်လည်ဖော်ပြခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

"အဲဒီပြုလုပ်ခဲ့တဲ့ အင်တာဗျူးပါ အကြောင်းအရာတွေကို ကျွန်တော်နဲ့ညီသုတတိုင်ပင်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ ညီသုတအနေနဲ့လည်း NUG ရဲ့ စေခိုင်းချက်အတိုင်း မေးခွန်းတွေပြုလုပ်ပြီး မေးမြန်းခဲ့ပါတယ်။ အဓိကအကြောင်းအရာတွေအနေနဲ့တော့ ကျွန်တော်ဘာကြောင့် CDM လုပ်ခဲ့တယ်ဆိုတာတွေ၊ တပ်မတော်သားတွေနဲ့ ဝန်ထမ်းတွေ CDMလုပ်လာစေဖို့ လှုံ့ဆော်မှုတွေ၊ ပြည်သူတွေကို မျှော်လင့်ချက်အမှားတွေပေးစေဖို့ အဓိကရည်ရွယ်ထားတဲ့ မေးခွန်းတွေပဲဖြစ်ပါတယ်။ ကျွန်တော်မှတ်မိသလောက် စစ်ကိုင်းတိုင်းဘက်မှာ တပ်မတော်က ပြည်သူတွေကိုတိုက်ခိုက်ခဲ့တယ်ဆိုတာတွေ၊ စစ်သည်တွေအနေနဲ့ CDM ပြုလုပ်ဖို့ ဆန္ဒရှိတယ်ဆိုတာတွေကို မဟုတ်မမှန် ပြောကြားခဲ့ရပြီး အဓိကအားဖြင့် ကျွန်တော်တို့တပ်မတော်အတွင်း စည်းလုံးမှုပြိုကွဲစေရေး ပြောကြားခဲ့ရပါတယ်။

### ပြည်တွင်းမှာအာဏာတည်ဆောက်နေ

NUG အနေနဲ့ ဥပဒေမဲ့လုပ်ရပ်တွေ ဖြစ်တဲ့ လူသတ်၊ အကြမ်းဖက်၊ ဗုံးခွဲဖျက်ဆီးစတဲ့ အကြမ်းဖက်လုပ်ရပ်တွေနဲ့ ပြည်တွင်းမှာ အာဏာတည်ဆောက်နေတာကို ဆက်လက်မြင်တွေ့နေခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ CDM ပြုလုပ်မယ်ဆိုရင် တတိယနိုင်ငံတွေကို သွားရောက်နေထိုင်ရမယ်လို့ထင်ခဲ့ပေမယ့်လည်း သွားရောက်ခဲ့ရခြင်းမရှိခဲ့ပါဘူး။ ပြီးတော့ ကျွန်တော့်အနေနဲ့ မိသားစုအသိုင်းအဝိုင်းကို စွန့်လွှတ်ပြီး မျှော်လင့်ချက်ကြီးစွာထားခဲ့ပေမယ့်လည်း ကျွန်တော်တို့ရဲ့ယုံကြည်ချက်တွေအတိုင်းရရှိခဲ့ခြင်းမရှိပါဘူး။ ကျွန်တော့်အနေနဲ့ ကွန်ပျူတာသိပ္ပံဘွဲ့ ရရှိထားသူတစ်ဦးဖြစ်တဲ့အတွက် သူတို့ပြောခဲ့သလို ဩစတြေးလျမှာ မည်သည့်အလုပ်မျိုးမဆိုလုပ်ကိုင်ပြီး နေထိုင်ရပ်တည်နိုင်မယ်လို့ထင်ခဲ့ပေမယ့် သွားရောက်ဖို့ ဆောင်ရွက်ပေးခြင်းမျိုးတောင်မရှိခဲ့ပါဘူး။ သာမန်ရွှေ့ပြောင်းအလုပ်သမားတွေလိုမျိုးပဲ ကျွန်တော့်ကို ဆက်ဆံခဲ့ပါတယ်။ ဒါကြောင့်မို့လို အကြမ်းဖက် NUG အဖွဲ့ အနေနဲ့ သူတို့ရဲ့ အခွင့်အရေးတွေ၊ လိုအပ်ချက်တွေ မဖြည့်ဆည်းနိုင်တော့တဲ့ လူတွေ၊ အသုံးမဝင်တော့တဲ့ လူတွေကို နိုင်ငံမဲ့တစ်ဦးလို ဆက်ဆံခဲ့ကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ မိသားစုတွေကို မကာကွယ်နိုင်ရုံသာမက မိမိကိုယ်တိုင်တောင် မရပ်တည်နိုင်တဲ့အတွက် နောင်တကြီးစွာရမိပါတယ်။ CDM ပြုလုပ်ခဲ့တဲ့ ကာလအတွင်းမှာလည်း တပ်မတော်စခန်းတွေကို အကြိမ်ကြိမ်တိုက်ခိုက်ဖို့ ဖိအားပေး ပြောဆိုခဲ့ခြင်းတွေခံခဲ့ရပါတယ်။ ထိုင်းနိုင်ငံကို တရားမဝင် ရောက်ရှိနေတဲ့ CDM တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ အရပ်ဘက် ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ နေ့စဉ်ကြုံတွေ့နေရတဲ့ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုတွေ၊ နေ့စဉ်စားဝတ်နေရေးခက်ခဲမှုတွေ၊ NUG အကြမ်းဖက်အဖွဲ့အတွက် အသုံးမဝင်တဲ့ ဝန်ထမ်းတွေကို လျစ်လျူရှုထားတဲ့အတွက် အနာဂတ်ပျောက်ဆုံးပြီး နိုင်ငံမဲ့သူအဖြစ်ကြုံတွေ့နေရမှုတွေကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ ပြီးတော့ လူမှုကွန်ရက်တွေ အသုံးချလိမ်ညာပြီး အလျူခံစားမှုတွေကို တွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့တွေကိုလည်း Media တွေကိုအသုံးချပြီး သူတို့ရဲ့ဝါဒဖြန့်ဖို့အတွက်သာ ဆောင်ရွက်နေတာကိုလည်း သိရှိခဲ့ရပါတယ်။ CDM ပြုလုပ်ခဲ့တဲ့ ကာလတစ်လျှောက်မှာလည်း PDF အကြမ်းဖက်အဖွဲ့ဝင်တွေကို လူသားဒိုင်းအဖြစ်အသုံးပြုပြီး တိုက်ပွဲမှာ သေဆုံးရင် သူတို့အတွက် နိုင်ငံရေးအသုံးချမှုတွေမှာ ပိုမိုအသုံးဝင်လာတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။

"UNHCR အကူအညီနဲ့ ဩစတြေးလျနိုင်ငံအပါအဝင် တတိယနိုင်ငံတွေကို ပို့ဆောင်ပေးမယ်ဆိုတဲ့ဝါဒဖြန့်မှုတွေက လိမ်ညာလုပ်ကြံထုတ်လွှင့်မှုတွေ၊ မက်လုံးပေးစည်းရုံးမှုတွေသာဖြစ်တဲ့အတွက် အခုကာလမှာ နိုင်ငံမဲ့တစ်ဦးအနေနဲ့ ရပ်တည်နေရပြီး ဘဝလုံခြုံမှုမရှိဘူးလို့ခံစားခဲ့မိပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေ၊ စစ်သည်တွေအပေါ် CDM ပြုလုပ်ဖို့ တိုက်တွန်းခဲ့တဲ့အတွက်လည်း များစွာရှက်ရွံ့ခဲ့ပြီး သူတို့ရဲ့နိုင်ငံတော်နဲ့ တပ်မတော်အပေါ်ထားရှိတဲ့ စိတ်ဓာတ်ကို များစွာလေးစားခဲ့မိပါတယ်။ ဥပဒေမဲ့ဆောင်ရွက်နေတဲ့ အကြမ်းဖက်အသိုင်းအဝိုင်း၊ အာမခံချက်မရှိတဲ့ အသိုင်းအဝိုင်းကနေ မိမိနိုင်ငံရဲ့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်နိုင်ဖို့ ဆုံးဖြတ်ခဲ့ပြီး အခုလို မိမိကိုယ်တိုင် ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို ကြည်ကြည် ဖြူဖြူနဲ့ လက်ခံပေးတဲ့အတွက် များစွာကျေးဇူးတင်မိပါတယ်။

### မလွှဲမသွေလုပ်ဆောင်ပေးရမှာဖြစ်

"တပ်မတော်သား အရာရှိ/စစ်သည်များအနေနဲ့ ဆိုရှယ်မီဒီယာတွေအပေါ်မှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေရဲ့ မက်လုံးပေးစည်းရုံးမှုတွေကို နားယောင်ပြီး စစ်ပြေးမှုကို ကျူးလွန်မယ်ဆိုရင် အကြမ်းဖက် NUG တွေရဲ့ အထောက်အပံ့နဲ့ မှီခိုရှင်သန်နေရမှာဖြစ်ပြီး သူတို့အလိုကျ ဆိုရှယ်မီဒီယာပေါ်မှာ ပြောဆိုပေးရတာတွေ၊ သူတို့ခိုင်းတဲ့အတိုင်း အကြမ်းဖက်လုပ်ရပ်တွေမှာ ပါဝင်ပတ်သက်လုပ်ကိုင်ရခြင်းတွေကို မလွှဲမသွေ လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

"ဒါ့အပြင် စစ်ပြေးစစ်သည်တွေရဲ့ ဘဝမှာလည်း ပြစ်မှုကျူးလွန်သူ ဝရမ်းပြေးဘဝနဲ့ အမြဲတိမ်းရှောင်ပုန်းအောင်းနေရပြီး မည်သည့်အစိုးရလက်ထက်တွင်ဖြစ်စေ တရားခံပြေးတွေအဖြစ် ရှိနေမှာဖြစ်တဲ့အတွက် တစ်သက်လုံး လူတောမတိုးတဲ့ ဘဝတွေအဖြစ် ရှင်သန်နေထိုင်သွားရမှာဖြစ်ပါတယ်။ အကြမ်းဖက် NUG၊ CRPH တွေရဲ့ စည်းရုံးမှုဖြစ်တဲ့ ဩစတြေးလျစတဲ့ အခြားတတိယနိုင်ငံတွေမှာ နေထိုင်ခွင့်ပေးမယ်ဆိုတဲ့ ဝါဒဖြန့်မှုကို ယုံကြည်မယ်ဆိုရင် တကယ်ရောက်ရှိခဲ့ရင်တောင် ကိုယ့်မွေးရပ်မြေကို မည်သည့်အခါမျှ ပြန်လည်ခြေချခွင့် မရှိတော့တဲ့အပြင် မိသားစုဝင်များရဲ့ အလုပ်အကိုင်၊ လူမှုစီးပွားရေးကိစ္စရပ်တွေလည်း များစွာထိခိုက်သွားနိုင်ပါတယ်။ ကျွန်တော်သိရှိသလောက် ဩစတြေးလျနိုင်ငံကို ရောက်ရှိနေတဲ့ တပ်မတော်သားတွေ၊ ရဲဝန်ထမ်းတွေ၊ အရပ်သားဝန်ထမ်း၊ CDM သမားတွေ တစ်ဦးတစ်ယောက်မှ ရောက်နေကြောင်း မကြားမိပါဘူး။ ကျွန်တော့်လို တပ်ရင်းမှူးအဆင့် ဘွဲ့ရတစ်ဦးကိုတောင် ဩစတြေးလျကို မရောက်ဘူးဆိုရင် ကျန်တဲ့အခြားအဆင့်စစ်သည်တွေကို ဩစတြေးလျကိုသွားဖို့ ပြုလုပ်ပေးမယ်ဆိုတာကတော့ လုံးဝဖြစ်နိုင်စရာအကြောင်းမရှိပါဘူး။ ဒါကြောင့်မို့ တပ်မတော်သားတွေ၊ ဝန်ထမ်းတွေအပေါ်မှာ CDM ပြုလုပ်ဖို့ စည်းရုံးပြောကြားခဲ့တဲ့အတွက် အားနာမိပြီး ပြန်လည်တောင်းပန်အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယုံကြည်ချက်၊ ခံယူချက်လွဲမှားစွာ ပြုလုပ်ခဲ့မိတဲ့အတွက်လည်း များစွာနောင်တရခဲ့မိပါတယ်။ ဒါကြောင့် သတင်းတု သတင်းမှားတွေကို ယုံကြည်ခြင်း၊ ကိုယ့်ရဲ့ တဒင်္ဂဆုံးဖြတ်ချက်အမှားကြောင့် ကိုယ်ကိုယ်တိုင်သာမက ကိုယ့်ရဲ့မိသားစုဝင်များအပေါ် ပျက်စီးရာပျက်စီးကြောင်းကို မလုပ်မိစေဖို့နဲ့ လူမှုကွန်ရက်တွေပေါ်မှာ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေရဲ့ ဆုကြေးနဲ့ CDM လုပ်ဖို့ စည်းရုံးသိမ်းသွင်းမှုတွေကို နားမယောင်ဘဲ နိုင်ငံတော်အပေါ် သစ္စာစောင့်သိဖို့ တိုက်တွန်းလိုက်ပါတယ်။

### ကျီးလန့်စာစားနေနေရ

"လူမှုကွန်ရက်တွေမှာ အကြမ်းဖက် NUG၊ PDF အဖွဲ့တွေအနေနဲ့ ဘယ်နေရာတွေကို ဘယ်လောက်ထိန်းချုပ်ထားပြီး ဘယ်လောက်နိုင်နေပြီလို့ပြောနေပေမယ့်လည်း သူတို့ရဲ့အုပ်ချုပ် ထောက်ပံ့မှုကိုတောင် မလုပ်ဆောင်နိုင်တဲ့အပြင် ခိုလှုံနေရတဲ့သူတွေအဖို့ မလုံမခြုံဘဝနဲ့ ကျီးလန့်စာစားနေနေရတာကို မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့ ဥပဒေမဲ့ နိုင်ငံမဲ့တစ်ယောက်လို နေထိုင်နေရတဲ့ ကျွန်တော်တို့နိုင်ငံသားတွေအနေနဲ့ အမိနိုင်ငံကို ပြန်လည်ဝင်ရောက်ဖို့ ဥပဒေနဲ့အညီနေထိုင်ပြီး ဆုံးရှုံးနေတဲ့ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးတွေ ပြန်လည်ရရှိဖို့ အချိန်မနှောင်းသေးဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့်မို့ အခုအချိန်က ပြန်လည်ဝင်ရောက်လာဖို့ အချိန်အခါကောင်းပဲဆိုတာကို ထပ်လောင်းပြောကြားလိုပါတယ်။ အကြမ်းဖက် NUG ရဲ့ အသုံးချခံမဖြစ်စေဖို့ ကျွန်တော်တို့လို သူတို့ အသုံးချပြီးတဲ့အခါမှာ လွှင့်ပြစ်ခဲ့သလိုမျိုး မဖြစ်ရလေအောင် နိုင်ငံတော်ရဲ့ စိတ်ရင်းစေတနာအမှန်ကို သိရှိနားလည်စေလိုကြောင်း ပြောကြားလိုပါတယ်။

"ကျွန်တော်အနေနဲ့လည်း တပ်တစ်တပ်ကို ဦးစီးဦးဆောင်ပြုရတဲ့ အရာရှိတစ်ဦးဖြစ်ပေမယ့် တာဝန်ပေါ့လျော့ခဲ့တာ၊ အများနဲ့ဆိုင်တဲ့ တပ်ရန်ပုံငွေတွေကို တရားမဝင်သုံးစွဲခဲ့တာ၊ ခွင့်မဲ့ပြုလုပ်ပြီး CDM ဝင်ခဲ့တာ၊ NUG အဖွဲ့ရဲ့ ခိုင်းစေတဲ့အတိုင်း လိမ်ညာပြောဆိုခဲ့တာတွေအတွက် ကြီးလေးတဲ့ ပြစ်ဒဏ်တွေကို ချမှတ်ခံရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကိုယ်တိုင်ကြုံတွေ့ရတဲ့ ပကတိအခြေအနေမှန်တွေအရ အသိတရားရခဲ့လို့ ဘယ်သူရဲ့ တိုက်တွန်းချက်မှမပါဘဲ နိုင်ငံတော်နဲ့ တပ်မတော်က ပေးအပ်တဲ့အပြစ်ကို ကြည်ဖြူစွာခံယူမယ်လို့ ဆုံးဖြတ်ခဲ့တာပါ။ ပေးတဲ့ပြစ်ဒဏ်ကို ကျေနပ်စွာခံယူပြီးရင်တော့ သာမန်လူကောင်းတစ်ယောက်အဖြစ် မိသားစုနဲ့အတူ နေထိုင်သွားပါမယ်။ ကျေးဇူးတင်ပါတယ်။"

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၀၅ | ၂၀၀၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၂၅ | ၂၀၁၅ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၆၅ | ၂၇၃၅ |
| 95 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၈၂၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၆၆၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၀ | ၂၉၆၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၃ | ၁၉၃၄ |
| 95 Ron | ၁၉၂၅ | ၁၉၉၇ |
| HSD (500 ppm) | ၂၄၆၈ | ၂၅၄၇ |
| HSD (50 ppm) | ၂၅၄၀ | ၂၆၂၀ |
| HSD (10 ppm) | ၂၅၄၀ | ၂၆၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## (၁၄) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို "လယ်ယာမြေစီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

လယ်ယာမြေ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် တောင်သူလယ်သမားများ လုပ်ကိုင်ပိုင်ဆိုင်သော လယ်ယာမြေများနှင့်ပတ်သက်၍ သိရှိသင့်သော မြေယာဗဟုသုတများမျှဝေရန်၊ မြန်မာနိုင်ငံ၏ လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၌ ကြုံတွေ့နေရမှုများ၊ လယ်ယာမြေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လက်ရှိအသုံးပြုနေသော စီမံခန့်ခွဲမှုပညာရပ်များအပြင် ပိုမိုခေတ်မီသော နည်းစနစ်များဖြင့် စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးဆိုင်ရာများ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရန် လယ်ယာမြေ စီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လစဉ် ပထမပတ် ဗုဒ္ဓဟူးနေ့တိုင်း ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် လုပ်ငန်းကဏ္ဍများအလိုက် ခေါင်းစဉ်များသတ်မှတ်၍ သက်ဆိုင်ရာ ပညာရှင်များက ဦးဆောင်ဆွေးနွေးခဲ့ကြရာ ယနေ့ကျင်းပသည့် (၁၄) ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲ၏ လယ်ယာမြေ စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်အောက်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုနှင့် ခွဲဝေမှုဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာမြေမှ အခြားနည်းသို့ ပြောင်းလဲသုံးစွဲခွင့်နှင့် လျှောက်ထားမှုနှင့် မြေယာပြဿနာများ ဆောင်ရွက်မှု၌ ကြုံတွေ့ရသည့် အဟန့်အတားများဆိုင်ရာကိစ္စရပ်များ၊ မြေယာအရင်းအမြစ်များအား အကျိုးရှိရှိ အသုံးချနိုင်ရေးနှင့် သီးနှံအထွက်နှုန်းတိုးတက်စေရန် နည်းလမ်းများဆိုင်ရာကိစ္စများ၊ နှစ်စဉ်မြေယာစီမံခန့်ခွဲရေးနှင့်စပ်လျဉ်းသည့် ပညာရှင်များမွေးထုတ်ပေးနိုင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးမှုနှင့် အနာဂတ်လုပ်ငန်းစဉ်များဆိုင်ရာ ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အင်းတော်မြို့နယ်၌ တောင်သူများအား ယူရီးယားဓာတ်မြေသြဇာဖြန့်ဖြူးရောင်းချ

အင်းတော် အောက်တိုဘာ ၅

စစ်ကိုင်း တိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၉ နာရီက တောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချခြင်း အခမ်းအနားပြုလုပ်သည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်က အဖွင့်အမှာစကားပြောကြားပြီး ယူရီးယားဓာတ်မြေသြဇာ ဖြန့်ဖြူးရောင်းချပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ယူရီးယားဓာတ်မြေသြဇာ အချိုးကျသုံးစွဲနည်းပညာများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ အင်းတော်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

ထို့နောက် ယူရီးယားဓာတ်မြေသြဇာများကို မြို့နယ်အတွင်း မိုးစပါးစံပြကွက်၊ စမ်းသပ်ကွက်၊ မျိုးစေ့ထုတ်ကွက်နှင့် အကျိုးဆောင်တောင်သူများအား အဓိကဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ယူရီးယားဓာတ်မြေသြဇာ အိတ် ၅၅၀ ရောင်းချပေးသည်။ အင်းတော်မြို့နယ်အနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားရာ ၅၅၉၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား



## မြစ်သားမြို့နယ် အခြေခံသမဝါယမအသင်းများက ရောပဒေသာနှင့် မနောသုခစပါးများ စိုက်ပျိုးထားရှိ

မြစ်သား အောက်တိုဘာ ၅

တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးထားရှိသော သီးနှံများအထွက်တိုးစေရန်အတွက် သမဝါယမကဏ္ဍက တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများမှ အသင်းသားတောင်သူများပိုင်ဆိုင်သော လယ်ယာမြေစိုက်ဧက ၁၈၀၀၀ ပေါ်တွင် ရောပဒေသာနှင့် မနောသုခစပါးများကို စိုက်ပျိုးထားရှိပြီး သီးနှံထွက်ရှိချိန်တွင် တစ်ဧကအထွက်နှုန်း စပါးတင်း ၇၀ မှ ၈၀ အထိ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းလွန်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကျင်းပ

**မုံရွာ အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အလုံရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဖတ်ကြားပြီး ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှပေးပို့သည့် စုပေါင်းသဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုငွေနှင့် ဆုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးတို့က ၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုငွေနှင့် ဆုလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုရဲ့ထာဝရအလှ သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ရေဝတီတိုင်းဒေသကြီးတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပုသိမ် အောက်တိုဘာ ၅**

၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဖတ်ကြားခဲ့ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယုဇနဆောင်ခန်းမတွင် ခရိုင်၊ မြို့နယ် ပညာရေးမှူးများနှင့် တွေ့ဆုံပြီး တိုင်းဒေသကြီးပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ် ပညာရေးမှူးများက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် လျှောက်ထားမှုပြင်ပကျောင်းသား ကျောင်းသူများအတွက် စာသင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■

# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ဖတ်ကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသည့် အခြေခံပညာ အထက်တန်းဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ပညာရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် ၇၀ နှစ်နှင့်အထက် အငြိမ်းစားဆရာကြီးများအား ဂါရဝလက်ဆောင်များပေးအပ်ခဲ့ကြပြီး လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက ခွင့်လွှတ်ပါဆရာ တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်အခမ်းအနားသို့တက်ရောက်လာကြ သောဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား မကွေးတိုင်းဒေသကြီးတွင်ကျင်းပ

**မကွေး အောက်တိုဘာ ၅**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့တော်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဖတ်ကြားခဲ့ပြီး ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ငါးဖွဲ့၏ ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးသက်လေးဦးက ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာဆုံးမစာ စကားပြေပြန်ဆို ပြိုင်ပွဲတို့တွင် ဆုရရှိခဲ့သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကာ ဆရာ ဆရာမများက မြတ်ဆရာ သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဧည့်ခံသီဆိုကပြခဲ့ကြသည့် ဆရာ ဆရာမများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ပြင်သစ်နိုင်ငံသို့ ကော်ဖီစေ့များတင်ပို့

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသည် သမဝါယမ အသင်းသားများ စိုက်ပျိုးထားသော ကော်ဖီစေ့များကို တောင်ကြီးမြို့ TBC စီးပွားရေးဇုန်ရှိ Green Gold သမဝါယမအသင်းဂိုဒေါင်တွင် ကိုယ်တိုင်ကြိတ်ခွဲထုတ်လုပ်ခြင်း၊ အရည်အသွေးဆန်းစစ်ခြင်းများ ပြုလုပ်၍ အရည်အသွေးပြည့်မီသော ကော်ဖီစေ့များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

**တင်ပို့နိုင်ခဲ့**

အသင်းမှ နဝမအကြိမ်အဖြစ် အောက်တိုဘာ ၄ ရက်က ပြင်သစ်နိုင်ငံသို့ Green Bean တစ်အိတ်လျှင် 60 Kg ပါ အိတ်ပေါင်း ၃၃၅ အိတ် ကော်ဖီတန်ချိန် ၂၀ ဒသမ ၁ တန် ကွန်တိန်နာနှစ်လုံးကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာအက၊ မြန်မာဂီတ

ကိုဇော်ဌေး(ယဉ်ကျေးမှု)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်၌ မကြာမတင်အချိန်တွင် ကျင်းပတော့မည်ဖြစ်သည်။ မြန်မာအက မြန်မာဂီတတို့ကို နှစ်သက်ကြည်နူးဖွယ် ပြိုင်ပွဲအရောက် တောက်လျှောက်အားပေးနိုင်တော့မည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအနုပညာသည် မြန်မာ့သမိုင်း၊ မြန်မာတို့၏ ရိုးရာဓလေ့၊ မြန်မာတို့၏ မြင့်မားသော လူနေမှုအဆင့်အတန်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တို့၏ ခံ့ညားထည်ဝါမှု၊ အမျိုးသားရေး စိတ်ဓာတ်ကြံ့ခိုင်ကြီးမားမှုကို ရောင်ပြန်ဟပ်စေသည့် အရေးပါသောအခန်းကဏ္ဍ စသည့်ဂုဏ်ဒြပ်တို့ ပါဝင်နေပေသည်။ အနုပညာရပ်များစွာရှိသည့် အနက်မှ မြန်မာအကနှင့် မြန်မာဂီတပညာရပ်တို့သည် ခေတ်သမိုင်းစဉ်တစ်လျှောက် ခိုင်မြဲတိုးတက်ထွန်းကားလာခဲ့သည်ကို တွေ့နိုင်သည်။ ခေတ်အဆက်ဆက်ပညာရှင်များ တီထွင်ဖန်တီးခဲ့ကြသဖြင့် တိုးတက်ဖြစ်ထွန်းသည့်သဘောကိုလည်းတွေ့ရသည်။

## အက

လူ၏ခန္ဓာကိုယ်ကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် အချိန်နှင့်နေရာမရွေး ရွေ့လျားပြောင်းလဲနိုင်သော အကပညာသည် လွန်စွာရှေးကျသော အနုပညာတစ်ရပ်ပင်ဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြား၌ ထွန်းကားခဲ့သည်မှာလည်း မငြင်းဆိုနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည်။ လူမျိုးစုတစ်စု၏ အကပုံစံများကိုလေ့လာခြင်းဖြင့် ထိုလူမျိုးစုတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကိုလည်း လေ့လာသုံးသပ်နိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကအနုပညာသည် ဘာသာဗေဒတစ်ရပ်နှယ် သီးခြားခွဲထွက်လျက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များအဖြစ် သီးခြားရပ်တည်လာနိုင်ကြသည်ကိုလည်း တွေ့ရသည်။

အကဟူသည် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးကပြခြင်းပင်ဖြစ်သည်။ သို့အတွက် လူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများသည် အကပညာအတွက် အဓိကကျသော လိုအပ်ချက်များ ဖြစ်လာရသည်။ ထို့ပြင် အကအနုပညာသည် စကားလုံးမလိုဘဲ ကိုယ်လက်လှုပ်ရှားမှုဖြင့် ဖော်ပြလိုသောခံစားချက်ကို ဘာသာပြန်တင်ဆက်နိုင်သော ပညာရပ်တစ်ခုလည်းဖြစ်သည်။

လူတို့သည် တစ်ဦးတည်းနေသောအခါဖြစ်စေ၊ အများနှင့်စုပေါင်းနေသောအခါဖြစ်စေ သဘာဝပတ်ဝန်းကျင်နှင့် ကင်းကွာနေ၍မရပေ။ သဘာဝပတ်ဝန်းကျင်၏ ဆွဲငင်အား၊ တွန်းကန်အားများကြောင့် သက်ရှိလူတို့သည် ခံစားချက်အမျိုးမျိုးကို စိတ်တွင် ဖြစ်ပေါ်ခံစားလာကြသည်။ ထိုခံစားချက်များကို ကိုယ်တိုင်ဖော်ထုတ်ပြသလို၍ သော်လည်းကောင်း၊ အများသိစေလို၍သော်လည်းကောင်း ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလှုပ်ရှား၍ သရုပ်ဖော်ကြသည်။ ထိုလှုပ်ရှားချက်များကို ခံစားသရုပ်ဖော်ရာ၌ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြသည့် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ကြည့်ရှုရသူများ၏အာရုံကို ဖမ်းစားနိုင်စေရန် ချောမောပြေပြစ်စွာလှုပ်ရှားခြင်းဖြင့် အကမည်လာခဲ့သည်။ "သူ့ကဟန်လေးက နူးညံ့သိမ်မွေ့လိုက်တာ"၊ "သူ့ ကဟန်က ကြမ်းတမ်းလိုက်တာ"၊ "ဖိုးစိန်ခြေကဟန်လေးက ဆန်းလိုက်တာ"၊ "လမ်းလျှောက်ဟန်လေးကိုက ကဟန်ကလေးနဲ့" စသည်ဖြင့် လှုပ်ရှားမှုကို ဟန်နှင့်တွဲဖက်၍ ပြောဆိုသုံးနှုန်းကြပြန်သည်။ စင်စစ် အကသည် လူတို့၏ ဓလေ့စရိုက်သဘာဝနှင့် အနီးစပ်ဆုံး ဆက်စပ်နေသောလှုပ်ရှားမှုပင်ဖြစ်တော့သည်။



## မြန်မာ့အက

မြန်မာရာဇဝင်အရ တကောင်းခေတ်ပျက်ပြီးနောက် သရေခေတ္တရာ တစ်ခေတ်ထွန်းကားလာခဲ့သည်။ ခရစ်နှစ် ၈၀၁-၂ ခုနှစ်တွင် ထိုစဉ်က တရုတ်ပြည် ချန်အန်မြို့တော်သို့ ပျူဘုရင် ယုန်ချန်ကိုယ်တိုင်ခေါင်းဆောင်၍ ညီတော် သီရိမြို့စားသုနန္ဒမင်းသားလည်း လိုက်ပါခဲ့သည့် သဘင်ပညာရှင်များ သွားရောက်ခဲ့သည့်မှတ်တမ်းအရ မြန်မာအက၏ ရောင်နီဦးစကာလသည် ကာလများစွာကြာမြင့်ခဲ့ပြီဖြစ်သည်ကို သိနိုင်ခဲ့သည်။

ဗုဒ္ဓသာသနာသည် ပုဂံပြည်သို့ရောက်ရှိလာသည်မှ မြန်မာ့ယဉ်ကျေးမှု သုခုမပညာများသည် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ပန်တျာဟူသော စကားရပ်ကို ပုဂံခေတ်ထိုးကျောက်စာများ၌ စတင်တွေ့လာရသည်။ ကျန်စစ်သားမင်း ထီးသစ်၊ နန်းသစ်ကို ဆောက်တည်ချိန်တွင်လည်း အတီး၊ အမှုတ်၊ အက၊ အခုန်များ ပါဝင်လာဖွယ်ရှိကြောင်း "နန်းတည်ကျောက်စာ"အရ ကောက်ချက်ချနိုင်သည်။ တစ်ဖန် ပုဂံမြို့ အာနန္ဒာဘုရားရှိ ဗုဒ္ဓဝင်ခန်း၌ သိမ်မွေ့စွာ ကခုန်နေသည့် ကျောက်ရုပ်တုပုံကို တွေ့ရှိရပြန်သည်။ ပုဂံမြို့ နဂါးရုံဘုရားမှ တွေ့ရှိရသည့် ဆေးရေးရုပ်ကဟန်များမှာ ဗုဒ္ဓရုပ်ပွားတော်ကို တိုင်းသူပြည်သားတို့က အကအခုန်များဖြင့် လာရောက်ပူဇော်ကြဟန်ပင်ဖြစ်သည်။ ပုဂံခေတ်နံရံဆေးရေးအများစုက မြန်မာအကသည် ထိုစဉ်ကတည်းက ဖွံ့ဖြိုးနေသည်ဟု ညွှန်းဆိုပြသနေကြသည်။

မြင်စိုင်း၊ ပင်းယခေတ်များ၌ ကာချင်းများသည် ခေတ်စားခဲ့သည်။ အင်းဝခေတ်တွင် အက၊ အခုန်တို့မှာ ခေတ်အားလျော်စွာ မြင့်မားလာကြတော့သည်။ ကုန်းဘောင်ခေတ်တွင်မူ နှောင်းကာလအထိတိုင် ခြေရာချန်နိုင်ခဲ့သည်အထိ ဖြစ်ထွန်းတိုးတက်ခဲ့တော့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထား၍ လယ်ယာကိုင်းကျွန်းလုပ်ငန်းကို လုပ်ကိုင်ကြသူများဖြစ်သည်။ ကျေးလက်နေလူတန်းစားတို့သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကာ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီတွင် လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ပေါင်းသင်ခြင်း၊ စပါးရိတ်ခြင်း၊ လှေ့ခြင်း၊ သိမ်းခြင်းတို့ကို အခါရာသီအလိုက်ပြုကြရသည်။ လယ်ယာလုပ်ငန်းခွင် အားလပ်ချိန်များတွင်လည်း ကျောင်းကန်ဘုရားများသို့ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် သွားရောက်ကာ လှူဒါန်းပူဇော်လေ့ရှိကြသည်။ မြန်မာအကသည် မိရိုးဖလာအနေဖြင့်လည်းကောင်း၊ ဘာသာတရား၏ ဆိုဆုံးမမှုအောက်တွင်လည်းကောင်း သိမ်မွေ့ယဉ်ကျေးစွာ တည်ရှိနေခဲ့ကြောင်း အကဲခတ်နိုင်သည်။ မြန်မာအက၏ ကိုယ်ပိုင်အမျိုးသားမူဟန်ဖြစ်သည့် ပျော့ပျောင်းပြီး ကာရန်အချိတ်အဆက်ရှိသည့် ခြူးပန်းခြူးနွယ်သဏ္ဍာန် အဝိုင်းအဝန်းလှုပ်ရှားမှုများကို ထိုစဉ်ကာလကတည်းက ညွှန်းဆိုပြခဲ့ကြသည်။ ပျော့ပျောင်းမှု၏ ဆန့်ကျင်ဘက် မာမာဆတ်ဆတ် မျဉ်းဖြောင့်လှုပ်ရှားမှုကကွက်များကို ကနဦးကာလများကပင် ငြင်းဆိုခဲ့ကြသည်။ တြိဘင်္ဂခေါ်သည့် သုံးဆစ်ချိုးကဟန်သည် မည်မျှပင် လျင်မြန်သွက်လက်စွာကပြနေပါစေ အမြင်အာရုံတွင် သွယ်ပျောင်းငြိမ့်ညောင်း ယဉ်ကျေးသိမ်မွေ့ခြင်းကို ခံစားရသည်ချည်းဖြစ်တော့သည်။ ခံစားရမှုသည် မြန်မာအကစစ်စစ်၏ အမျိုးသားရေးဂုဏ်ရည်များကို သွန်းလောင်းပေးထားသောကြောင့်ဖြစ်သည်။

## ဂီတ

ဂီတဆိုသည်မှာ အချိန်နရီပေါ်တွင် အသံဖြင့်ရေးသားသော လူမှုခံစားချက်မှတ်တမ်းဖြစ်သည်ဟု မာရီယွန်ဘောအာ (Marion Bauer) အမည်ရှိ အမေရိကန် ဂီတဆရာကြီးတစ်ဦးက ဆိုပါသည်။ တိုတိုရှင်းရှင်းဖြင့် လိုရင်းရောက်သော်လည်း ဆရာစန္ဒရားလှထွတ်က "ဂီတဆိုသည်မှာ လူတို့၏ ခံစားချက်အရပ်ရပ်တို့ကို လူတို့၏အသံ၊ လူတို့ ပြုလုပ်ဖန်တီးသော ပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင် စသောအနုပညာနည်းစနစ်များအရ သီကုံးစပ်ဆိုထားသည့် နရီအချိန်ညီညွတ်မှန်ကန်စွာ ရွေ့လျားနေသော အသံအဖွဲ့အစည်းကို ခေါ်ခြင်းဖြစ်သည်ဟု ထပ်မံရှင်းပြပါသည်။

ဂီတဆိုသည်မှာ အသံရှည်ဖြင့်ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ သီချင်း စသည်တို့ပင်ဖြစ်သည်။ ဂီတသည် လူတို့၏ သာမှု၊ နာမှုနှင့် ကိုးကွယ်ပသမှု စသည်တို့တွင် မပါမပြီး ပါဝင်လေ့ရှိသည့် အရာတစ်ခုဖြစ်သည်။ ဂီတသည် လူသားတို့အား နှစ်သက်ဖွယ်သော ခံစားမှုရသကို ပေးစွမ်းနိုင်ပြီး လူတို့၏စိတ်အာရုံကို လှုံ့ဆော်နှိုးဆွရာတွင်လည်း အင်အားကြီးမားစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရသည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် မိမိတို့ မှီတင်းနေထိုင်ရာ ဌာနအသီးသီး၏ ရေ၊ မြေ၊ တောတောင် သဘာဝများအပေါ် အခြေတည်၍ မိမိနှစ်သက်ရာဂီတများကို ဖန်တီးခဲ့ကြပြီး ပတ်ဝန်းကျင်ကို သာယာစေရန်၊ ငြိမ်းချမ်းစေရန်၊ လှပစေရန် ဆောင်ကြဉ်းခဲ့ကြသည်။ ထို့ကြောင့် ဂီတသည် လူသားအားလုံးကို အကျိုးပြုနေသော သိမ်မွေ့နက်နဲသည့် အနုပညာဖန်တီးမှုဖြစ်သည်ဟု ဆိုနိုင်သည်။

ဂီတဟူသော ဝေါဟာရသည် ပါဠိသက် ဝေါဟာရတစ်ခုဖြစ်ပြီး သီချင်းဟုလည်းကောင်း၊ သံစဉ်အမျိုးမျိုးဖြင့် ပြေပြစ်ချောမွေ့အောင် ဖွဲ့ထားသော အဖွဲ့အနွဲ့၊ တေး၊ တေးချင်း၊ တေးသီချင်းဟူ၍လည်းကောင်းဖွင့်ဆိုကြသည်။ သီဆိုခြင်းဆိုသည်မှာ စာသားဖြင့် ဖွဲ့သီခြယ်မှုန်းထားသော ဂီတသံစဉ် တေးသွားအတွဲအဖက်များကို နှုတ်ဖျားမှ ဌာန်ကရိုဏ်းကျကျဖြင့် မြည်တမ်းရွတ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်အတွဲ-၁ တွင်မူ ဂီတ၏အနက်အဓိပ္ပာယ်ကို သီဆိုခြင်း၊ သီချင်းဟူ၍ပြသည့်အပြင် သီဆိုတီးမှုတ်ခြင်းဟူ၍လည်း ပြထားလေသည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌ "၃ မတြာစင်ဖြစ်ခဲ့က ဗျူတာပေါက်၏" ဟူသော မြွတ်ဆရာတို့က အမိန့်စကားရှိကြောင်း ဖွင့်ဆိုထားရာ မတြာဆိုသည်မှာ လျှပ်တစ်ပြက် လက်ဖျစ်တစ်တီး အချိန်ကလေး ဆိုလိုပြီး "ဗျူဟာပေါက်၏"ဆိုသည်မှာ ဂီတသံကိုရောက်၏ဟု ဆိုလိုရင်းဖြစ်သည်။ သို့ကြောင့် ၃ မတြာ သို့မဟုတ် ယင်းထက်ကြာသော ဆွဲငင်သောအသံသည် ဂီတသံဖြစ်၏ဟု အဓိပ္ပာယ်ထွက်လေသည်။

စာမျက်နှာ ၁၉ သို့ ✻

"သဘာဝပတ်ဝန်းကျင်၏ ဆွဲငင်အား၊ တွန်းကန်အားများကြောင့် သက်ရှိလူတို့သည် ခံစားချက်အမျိုးမျိုးကို စိတ်တွင် ဖြစ်ပေါ်ခံစားလာကြသည်။ ထိုခံစားချက်များကို ကိုယ်တိုင်ဖော်ထုတ်ပြသလို၍ သော်လည်းကောင်း၊ အများသိစေလို၍သော်လည်းကောင်း ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုလှုပ်ရှား၍ သရုပ်ဖော်ကြသည်။ ထိုလှုပ်ရှားချက်များကို ခံစားသရုပ်ဖော်ရာ၌ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်ကြသည့် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ကြည့်ရှုရသူများ၏အာရုံကို ဖမ်းစားနိုင်စေရန် ချောမောပြေပြစ်စွာ လှုပ်ရှားခြင်းဖြင့် အကမည်လာခဲ့"

# ပွင့်လင်းခရီးသွားရာသီ ကျိုင်းတုံမြို့ ၁၉ မိုင်အလွန် အမောဒေတောင်ထိပ်သဘာဝရှုခင်းနေရာသို့ အပန်းဖြေခရီးသွားပိုမိုဝင်ရောက်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့ကဖိတ်ခေါ်

ရန်ကုန် အောက်တိုဘာ ၅

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့မှ ၁၉ မိုင်အလွန် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ်လမ်းပေါ်တွင် တည်ရှိသော အမောဒေတောင်ကြော သဘာဝရှုခင်းနေရာသို့ နှစ်စဉ် ဆောင်းဦးပွင့်လင်းရာသီ၌ အပန်းဖြေသွားရောက်သူများပြားခဲ့ရာ ယခု အောက်တိုဘာလဆန်း၌ပင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိပြီး ပွင့်လင်းခရီးသွားရာသီ နိုဝင်ဘာလတွင် အဆိုပါအမောဒေတောင်ထိပ်၌ သဘာဝရှုခင်းအလှကို ကြည့်ရှုကြသည့် အပန်းဖြေသူများ ယမန်နှစ်ထက်ပိုမိုဝင်ရောက်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့က ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။



စိမ်းစိုနေသော တောင်တန်းများအကြား ဖောက်လုပ်ထားသော ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ် လမ်းပေါ်တွင်ရှိသော အမောဒေတောင်ကြော၌ မြူနှင်းများ ဝေသီလျက် တိမ်ပင်လယ်ပမာ တိမ်စိုင်များ မျက်စိတစ်ဆုံးဖြန့်ကြက်လျက်ရှိရာ အောက်တိုဘာလဆန်း၌ ကျိုင်းတုံမြို့မှ လူငယ်များ၊ မိသားစုများနှင့် တာချီလိတ်မှ နိုင်ငံခြားခရီးသွားအချို့ သဘာဝရှုခင်းအလှကိုကြည့်ရှုခံစားရန် တစ်နေ့တာ အပန်းဖြေ လည်ပတ်လျက်ရှိသည်။

အဆိုပါ သဘာဝအလှရှုခင်းတည်ရှိရာ နေရာသို့ ခရီးသွားများအနေဖြင့် ကျိုင်းတုံနှင့်ကျိုင်းတုံ-မိုင်းဖြတ်လမ်းမှ သွားရောက်ကြလေ့ရှိကာ ကျိုင်းတုံအခြေပြု ခရီးသွားကုမ္ပဏီများ အလုပ်အကိုင် ပွင့်လန်းလျက်ရှိသည်။ ကျိုင်းတုံမြို့မှ တောင်ပေါ်သို့ ကားဖြင့် တစ်နာရီခွဲခန့်ခရီးတွင် ကနဦး ၁၉ မိုင် သဘာဝတရားရိပ်သာသို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် သုံးမိုင်ခန့် ဆက်သွားပါက အမြင့်ပေ ၆၇၇၀ ရှိသော လားဟူတိုင်းရင်းသားတို့ နေထိုင်ရာ လွယ်ပိကော်လာ တောင်ထိပ်ဖြစ်သော အမောဒေရွာသို့ရောက်ရှိ၍ လမ်းခရီးကောင်းမွန်မှုကြောင့် နွေ၊ မိုး၊ ဆောင်း အပန်းဖြေခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

၁၉ မိုင် သဘာဝတရားရိပ်သာတောင်ပေါ်တွင် သဘာဝအလှဖြင့် ဆွဲဆောင်လျက်ရှိသည့်နည်းတူ ဆောင်းရာသီတွင်လည်း မြေပြင်တောတောင်အလှ၊ ကောင်းကင်မှသဘာဝအလှနှင့် ဥတုရာသီအလှတို့ပေါင်းစုံမှုကြောင့် သဘာဝအလှများ စုဝေးပေါ်ထွန်းမှုဖြင့် ခရီးသွားများကိုဆွဲဆောင်လျက်ရှိရာ ယာဉ်များ၊ စက်ဘီး/ ဆိုင်ကယ်များ အဖွဲ့လိုက်လာရောက်အပန်းဖြေလည်ပတ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် လူသိများလာသော ကျိုင်းတုံမြို့ ၁၉ မိုင်အလွန် သဘာဝတရားရိပ်သာနှင့် အမောဒေတောင်ထိပ်သဘာဝရှုခင်းအလှသို့လာရောက်ကြသည့် ခရီးသွားတို့အနေဖြင့် လားဟူတိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်သီးနှံများ၊ စားသောက်ကုန်များ ဝယ်ယူကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားများ စီးပွားရေးအဆင်ပြေလျက်ရှိကာ နိုဝင်ဘာလဆောင်းဦးရာသီ၌ အပန်းဖြေခရီးသွားများပိုမိုဝင်ရောက်နိုင်ရန် ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် ဒေသခံတောင်ပေါ်တိုင်းရင်းသားတို့က ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ - ကနူး

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းများထုတ်ပေး

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ် (တောင်ပိုင်း) တွင် အကျုံးဝင်မှတ်ပုံတင်ထားသော Ming Shang Sports Myanmar Co.,Ltd. မှ အာမခံအလုပ်သမား ဦးငြိမ်းချမ်းအောင်သည် ဩဂုတ် ၃၁ ရက်တွင် ယာဉ်မတော်တဆဖြစ်၍ သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အမှတ်(၁၃ -၁၄) တိုင်းတာမင်းကြီးလမ်း မြေတိုင်းရပ်ကွက် တောင်ဒဂုံမြို့နယ်ရှိ၎င်းစက်ရုံအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ် (တောင်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Ming Shang Sports Myanmar Co.,Ltd.မှ အာမခံအလုပ်သမား ဦးငြိမ်းချမ်းအောင် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၂၇၇၂၀၀၀ ကို ဖခင်ဖြစ်သူ ဦးဝင်းမြင့်အား အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ ရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်များကို ထုတ်ပေးခဲ့ကြောင်းသိရသည်။ ၂၂၂




✻ စာမျက်နှာ ၁၈ မှ

ဂီတ၏ ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အက္ခရာမပါဘဲ စာပေမဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ (စည်းဝါး) ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့်နရီတွဲဖက်ပေါင်းစပ်ကလှသည်။ နရီဆိုသည်မှာ အချိန်ပင်ဖြစ်သည်။

## မြန်မာ့ဂီတ

မြန်မာဟူသည်ကား ပျူသား ပျူမြေးတည်း။ ပျူလည်းမြန်မာ၊ မြန်မာလည်း ပျူဟူသော ချီးပစကားအရ မြန်မာ့ဂီတ၏ မြစ်ဖျားခံရာ ကနဦးအစဟုယူသော် ရနိုင်ကောင်းသည့်အရာတို့က ပျူခေတ်ဝယ် တွေ့ရှိရသည်။ သရေခေတ္တရာသည် ခရစ်နှစ် သုံးရာစုနှင့် ငါးရာစုအတွင်း စည်ပင်ဖွံ့ဖြိုးခဲ့သည်။ မြန်မာအကပိုင်းတွင်း ဖော်ပြခဲ့သည့်အတိုင်း ပျူဘုရင် ယုန်ချန်နှင့် ညီတော် သီရိမြို့စား သုနန္ဒမင်းသားတို့၏ တရုတ်ပြည်သွားခရီးစဉ်၌ တူရိယာပစ္စည်းအားဖြင့် နှစ်ဆယ့်နှစ်ခု ပါရှိခဲ့သည်။ အမျိုးအစားအားဖြင့် ရှစ်မျိုးရှိသည်။ သတ္တု၊ ခရုသင်း၊ သားရေ၊ ကြိုးတပ်၊ ဝါး၊ ဘူး၊ ဆင်စွယ်၊ ဦးချို ဟူ၍ဖြစ်သည်။ ပျူဂီတကို ချင်တူမြို့ဝန် ဝေကောင်းက မှတ်သားစာရင်းယူလေသည်။ ပျူတို့တီးမှုတ်သော သီချင်း ဆယ့်နှစ်ပုဒ်သည် ဗုဒ္ဓဝါဒနှင့်ဆိုင်သည်ဟု ဆိုကြသည်။ သက္ကတဗုဒ္ဓဝါဒီ၊ ပါဠိဗုဒ္ဓဝါဒီပျူတို့သည် အိန္ဒိယဂန္ဓဝင် ဂီတစနစ်နှယ်တိကျလှကြောင်း ပျူဂီတ၏ သံစဉ်နှင့် မုစ္ဆနတို့က သက်သေခံနေပေသည်။




ပျူသရေခေတ္တရာလွန်၍ ပုဂံခေတ်ရောက်သောအခါ သက္ကရာဇ် ၅၅၂ ခုနှစ်(ခရစ်နှစ်၁၁၉၀) ထိုးတောင်ကူနီကျောက်စာတွင် "စည်ကြီးပန်တျာ"၊ "ပသာသည်"၊ "ခွက်ခွင်သည်"၊ ''ကုလားပန်တျာ"၊ "မြန်မာပန်တျာ"၊ "စည်သည်" စသော မြန်မာ့ဂီတဆိုင်ရာ အခေါ်အဝေါ်များကို တွေ့ရှိလာရသည်။ တစ်ဖန် သက္ကရာဇ် ၅၅၉ ခုနှစ် (ခရစ်နှစ် ၁၁၇၉)နှစ် ထိုး ဖုန်သည်ဇေယျသိန်ကျောက်စာတွင် "စည်ကြီး"၊ "နောင်နင်း"၊ "ခွက်ခွင်း"၊ "ပသာ ပ(န်)တျာစည်" စသော တူရိယာများကို ရင်းနှီးလာရသည်။

အင်းဝခေတ်တွင် အငြိမ့်တူရိယာ ခြောက်မျိုး၊ တံပိုး ရှစ်မျိုး၊ ကြေး ၁၀ မျိုး၊ စည် ၁၃ မျိုး စုစုပေါင်း ၃၇ မျိုး ရှိကြောင်းသိရ၍ ပုဂံခေတ်က တူရိယာများထက် အင်းဝခေတ်တွင်ပိုမိုလာကြောင်း တိုးတက်စည်ပင်ဖွံ့ဖြိုးသည့်သဘောဟု ကောက်ယူရနိုင်သည်။ ကုန်းဘောင်ခေတ်ကား ဆိုဖွယ်ရာမရှိ ပကတိပြီးပြည့်စုံသည့် မြန်မာ့ဂီတခေတ်ပင် ဆိုရတော့မည် ဖြစ်ခဲ့သည်။

မြန်မာ့ဂီတသည် စာပေ၊ အလင်္ကာ၊ ပြဇာတ်တို့နည်းတူ တစ်မျိုးနှင့်တစ်မျိုး ရောထွေးယှက်တင်ဆက်နွှယ်လျက်ရှိသည်။ ပါဠိ၊ သက္ကတ စသော ဘာသာတို့တွင် ကဗျာနှင့် ဂီတမှာ ခြားနားခြင်းမရှိသကဲ့သို့ မြန်မာ့ဂီတသည်လည်း ကဗျာ၊ တေးသီချင်း၊ အကတို့နှင့် တွဲဖက်လျက် အနုပညာမည်သော ပန်းဥယျာဉ်အတွင်းဝယ် တင့်တယ်ဝင့်ထည်လျက် တွဲဖက်ရှိနေပေသည်။ ဂီတပညာရှင်တို့သည် ဂီတကို တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ကြရာဝယ် ရှေးမူမပျက်စေရန် ထိန်းသိမ်းကြသည်။ ရှိပြီးဖြစ်သည့် နရီဘောင်အတွင်းဝယ် အအုပ်၊ အခံ ညီ၊ မညီ၊ ဒေါသ သင့်၊ မသင့်တို့ကိုလည်း စိစစ်ကြသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်အမျိုးသားရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများသည် ဘိုးဘေးတို့ပေးခဲ့သော လက်ဆောင်များပင်ဖြစ်သည်။ ၎င်းကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်သော အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုကိုပိုင်ဆိုင်ဆဲဖြစ်ကြောင်း ပြသနိုင်ခြင်းဖြစ်သည်။ ခေတ်သမိုင်းအဆက်ဆက်က ရှေးဘိုးဘေးများ၏ စွန့်လွှတ်စွန့်စား အားထုတ်မှုကြောင့် ယနေ့ မြန်မာနိုင်ငံတော်အဖြစ် ထည်ထည်ဝါဝါ ခိုင်ခိုင်မာမာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ မြန်မာဆိုသည့် ဗီဇနှင့် မျိုးရိုးဇာတိကိုပိုင်ဆိုင်နိုင်ခြင်းဖြစ်သည်။ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုကို အမွေပေးခဲ့၍သာ ယနေ့တိုင် ဆက်ခံနေနိုင်ကြခြင်းဖြစ်သည်။ ဘိုးဘွားများပေးခဲ့သည့် အမွေတစ်ရပ်ဖြစ်သော မြန်မာအက၊ မြန်မာဂီတ၏ တန်ဖိုးကို မေ့မှိန်ကျဆင်းမသွားစေရန်မှာ ယနေ့မျိုးဆက်သစ် လူငယ်အမွေခံများ၏ တာဝန်ပင်ဖြစ်သည်။ ယနေ့ခေတ်ကာလဝယ် စီးပွားရေးနှင့် နည်းပညာအသာရနေသည့် နိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေးနှင့် နည်းပညာများ၏အားကိုရယူကာ လွှမ်းမိုးထိုးဖောက်ပြီး ၎င်းတို့အလိုကျ သွတ်သွင်းနေကြချိန်ဖြစ်သည်။ နည်းလမ်းတို့အနက် ယဉ်ကျေးမှုပေါင်းစပ်ခြင်းဖြင့် လူမှုရေးစံနှုန်းများကို မသိမသာ အမြစ်ဖောက်လျက်ရှိသည်ကို အမျိုးသားရေးသတိ၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကာကွယ်သွားရန် လိုအပ်နေချိန်လည်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ဖြစ်ထွန်းအောင်မြင်နေခြင်းကြောင့်လည်း အမျိုးသားရေးသတိ၊ အမျိုးသားရေးစိတ်ဓာတ်တို့သည် စဉ်ဆက်မပြတ် စီးဆင်းနေနိုင်ခြင်းဖြစ်သည်ကို နားလည်သင့်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးကို လေးစားချစ်ခင်သည့်စိတ်ဓာတ်ဖြင့် ဤပြိုင်ပွဲကြီးက ပေးအပ်လာမည့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို အကျိုးရှိစွာဖြင့် အသုံးချကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မှီငြမ်း**

၁။ မြန်မာ့ဂီတရေစီးကြောင်း(စန္ဒရားလှထွတ်)

၂။ မြန်မာ့အကသမိုင်း(ပန်တျာမြင့်မေအောင်)

ဝတ္ထုတို

# အမေ့စကား

ကောင်းစစ်လင်း

(၁၅-၉-၂၀၂၂ ရက်နေ့မှအဆက်)

"သား ကောင်းစားရေးအတွက် ရန်ကုန်ကို ပို့တာပါ။ သားက ဆယ်တန်းအောင်ပြီးပြီလေ။ ဘာမှ အားငယ်စရာမလိုပါဘူး။ အစိန်တို့အိမ်ကလည်း အားနာစရာကိုမလိုတာ။ ကျောင်းဆက်တက်ရင်း အလုပ်လုပ်လည်း ရတယ်ပြောတယ်။ အကြီးမကလည်း ဘာမှမပူနဲ့၊ ရှိတာတော့စားရမှာပေါ့တဲ့။ သူ့ဌာနမှာလုပ်ချင်ရင်လည်း ကြည့်လုပ်ပေးမယ်ပြောတယ်လေ။ ဒါပေမဲ့ ငါ့သား ဘွဲ့ရအောင်ကြိုးစားပေါ့"

အမေ့စကားများက နားထဲသို့မရောက်နိုင်။ မျက်ရည်စက်လက်ဖြင့် အမေ့ကိုဆွဲထားရင်း ရွာသို့သာ ပြန်လိုက်ချင်နေမိသည်။

"ရန်ကုန်ကိုပို့တာ မြေးတစ်ယောက်တည်းမှမဟုတ်ဘူး၊ လှခိုင်တို့ ကျော်အေးတို့ကိုလည်းပို့တာပဲ။ တစ်ယောက်မှ ရန်ကုန်မှာမမြဲဘူး။ ငါ့မြေးကတော့ ရန်ကုန်မှာမြဲမှာပါ။ ဆယ်တန်းလည်း အောင်ပြီးသား ဘွဲ့တွေဘာတွေရလို့ အလုပ်အကိုင်ကောင်းတွေ ရလာရင် အမေနဲ့ရွာကို မေ့ချင်မေ့နေဦးမှာ ဟင်း ဟင်း ဟင်း"

အမေက ကျွန်တော့်ကို အားပေးစကားပြောရင်း ဟာသနှောကာပြောလိုက်ခြင်းဖြစ်သော်လည်း အမေ့မျက်နှာပြင်တွင် မျက်ရည်များစီးကျနေလေသည်။ ကျွန်တော်လည်း မျက်ရည်လည်ရွှဲဖြင့် နှုတ်ဆိတ်နေ၏။

"ဒီမယ်သား၊ အမေ့ကိုသေချာကြည့်စမ်း။ အမေဆိုတာ အသက်ကြီးပြီ သားတွေ၊ မြေးတွေအတွက် ဘာအမွေမှလည်း ပေးခဲ့စရာမရှိဘူး။ သားတွေ၊ မြေးတွေ ပညာတတ်ကြီးတွေဖြစ်ရင် ဘဝအာမခံချက်ရရှိအောင် အမေက ရင်အကွဲခံပြီး သံယောဇဉ်ဖြတ်ထားရတာ။ ဘွဲ့မရဘဲနဲ့ ရွာကိုပြန်မလာနဲ့ ကြားလား၊ ဘွဲ့တစ်ခုမှမရရင် ဘယ်တော့မှ ရွာကိုပြန်မလာခဲ့နဲ့တော့။ ဒါဟာ အမေ့ရဲ့ နောက်ဆုံးစကားပဲ"



ပြတ်သားသည့်အမေ့စကား။ အမေကပြောပြီး နောက်ကြောင်းကို လှည့်မကြည့်တော့ဘဲ သင်္ဘောပေါ်တက်သွားလေသည်။ ကျွန်တော်လည်း သင်္ဘောပေါ်သို့ အပြေးတက်လိုက်သွားမိသည်။ အမေက တစ်ချက်မှပြန်လှည့်မကြည့်။ နှစ်ထပ်သင်္ဘောကြီး ဆိပ်ကမ်းကခွာတော့မည့် နောက်ဆုံးအချိန်မှသာ ဖောတံတားပေါ်သို့ ကျွန်တော်ခုန်ဆင်းနေလိုက်သည်။

"ဘူ ဘော်၊ ဘူ ဘော်၊ ဘူ ဘော်"

နှစ်ထပ်သင်္ဘောကြီးက ရန်ကုန်ဆိပ်ကမ်းမှာ ထွက်ခွာသွားသည်ကို ကျွန်တော်ငေးကြည့်နေမိသည်။ ဆိပ်ခံဖောတံတားပေါ်တွင်ထိုင်ရင်း သင်္ဘောကြီး မျက်စိအောက်က ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။ မျက်ဝန်းမှာလည်း မျက်ရည်တို့ကစီးကျနေတော့သည်။

ရန်ကုန်မြို့ကြီးတွင် စတင်ခြေချမိသည့်ကနဦးရက်စွဲများအဖြစ် ဒိုင်ယာရီသဖွယ်ရေးသားခဲ့ဖူးသည်။

အမေပြောခဲ့သည့်စကားများကပင် ကျွန်တော့်ကို နှစ်သိမ့်အားပေးရာဖြစ်ခဲ့သည်။ ရှန်းကန်ကြိုးစားရာ ခွန်အားဖြစ်ခဲ့သည်။ ကျွန်တော့်အတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။

"ဗျာ၊ အမေလေဖြတ်လို့ ဟုတ်လား"

"ခင်ဗျာ အမေစကားမပြောနိုင်တော့ဘူး ဟုတ်လား"

"ခင်ဗျာ ဘာပြောတယ်။ အမေဆုံးပြီဟုတ်လား"

စကားလုံးများက ကျွန်တော့်ရင်ကို ပွင့်ထွက်စေတော့သည်။ ကျွန်တော်အရုပ်ကြိုးပြတ် ဖြစ်သွားရသည်။ ကျွန်တော်ဘာလုပ်ရမည်နည်း။ အမေ့အသက်ကိုလည်းမမီခဲ့။ အမေ့မြေချကိုလည်း မရောက်နိုင်တော့ပါလား။ အမေ့ရက်လည်ကိုရောက်ဖို့ရာ မလွယ်ကူ။ ဖြစ်မှဖြစ်ရလေ အမေရယ်။ ကျွန်တော် ချုံးပွဲချ ငိုကြွေးလိုက်မိသည်။

တာဝန်မကျေသော သားမြေးတစ်ဦးအဖြစ် ရင်နာစွာခံစားမိလိုက်သည်။

"အမေဆိုတာ အသက်ကြီးပြီ၊ သားတွေ၊ မြေးတွေအတွက် ဘာအမွေမှလည်း ပေးခဲ့စရာမရှိဘူး။ သားတွေ၊ မြေးတွေ ပညာတတ်ကြီးတွေဖြစ်ရင် ဘဝအာမခံချက်ရရှိအောင် အမေကရင်အကွဲခံပြီး သံယောဇဉ်ဖြတ်ထားရတာ။ ဘွဲ့မရဘဲနဲ့ ရွာကိုပြန်မလာနဲ့ ကြားလား၊ ဘွဲ့တစ်ခုမှမရရင် ဘယ်တော့မှ ရွာကိုပြန်မလာခဲ့နဲ့တော့။ ဒါဟာ အမေ့ရဲ့ နောက်ဆုံးစကားပဲ"

အမေပြောခဲ့သည့်စကား။ ထိုစကားကပင် ကျွန်တော့်ကို တိုးတက်အောင် ပြုပြင်ပြောင်းလဲစေခဲ့သည်။ အမေ့စကားကြောင့် ကျွန်တော်ဘွဲ့နှစ်ခု၊ သုံးခုကို အရယူနိုင်ခဲ့သည်။ အမေ့စကားစွမ်းရည်ကြောင့်ပင် ကြိုးစားခဲ့မှု၏ အသီးအပွင့်အဖြစ် ဝေးလံလှသည့် ဥရောပနိုင်ငံတစ်ခုတွင် မဟာဘွဲ့တစ်ခုရရှိရန်ပညာတော်သင်သွားနေရပြီ။ ထိုအချိန်တွင်မှ အမေက လေဖြတ်ကာ သေဆုံးခဲ့ရပြီ။ ကျွန်တော် ရင်ကွဲရလေပြီ ရင်ကျိုးရသည့်အဖြစ်ပါတကား။

"အမေရယ် ဘွဲ့ရမှ ရွာကိုပြန်ခဲ့ပါဆိုတဲ့အမေ့စကားကို ရင်ဝယ်ပိုက်ပြီး ကြိုးစားခဲ့လို့ ရခဲ့တဲ့ဘွဲ့တွေကို အမေတွေ့ခွင့်မရနိုင်တော့ပါလား အမေရာ။ အမေ့ဆီအချိန်မီအရောက် ပြန်မလာနိုင်တဲ့သားကို ခွင့်လွှတ်ပါနော်။ အမေ့စကားကို သေတပန်သက်တစ်ဆုံးလက်ကိုင်ထား ကြိုးစားနေမှာပါအမေ"။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**စကောကရင်စကားထာ**

ရေးလွန်လေပြီးသောအခါက ရာမညတိုင်းအတွင်း ကျေးလက်တောရွာတစ်ရွာရှိ သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဗညားနှင့်လဂွန်းအိမ်တို့သည် ရွာဦးကျောင်း၌ လောကီကျောင်းသင်ခန်းစာနှင့် လောကုတ္တရာ ဘုန်းတော်ကြီးသင်စာပေများကို သင်ယူလျက်ရှိသည်။

စာပေသင်ကြားရာတွင် ကောင်းသတင်းနှင့် ကျော်ကြားသော မွန်တိုင်းရင်းသားဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ပညာဆည်းပူးနေကြသူများဖြစ်သည်။ ဗညားနှင့်လဂွန်းအိမ်တို့သည် ပညာကိုလိုလားပြီး စာကြိုးစားကြသူများလည်းဖြစ်သည်။ အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားကြလေ့ရှိသည်။

"ဗညားရေ ဉာဏ်စမ်းပဟေဠိတွေ မေးကြဖြေကြရအောင်ကွာ" လဂွန်းအိမ်က မြက်ခင်းစိမ်းစိမ်းများပေါ်သို့ လှဲအိပ်လိုက်ရင်းပြောသည်။

"ကောင်းသားပဲ၊ ငါက အဆင်သင့်ပဲဟေ့" ဗညားက ဘောလုံးကို အဝေးသို့ကန်ထုတ်ရင်း ပြန်ပြောလိုက်သည်။

"ဒါဆိုရင် မေးပြီနော်။ 'မတီးဘဲမြည်တာ' ဘာကိုပြောတာလဲ"

"လဂွန်းအိမ်ရာ မင်းရဲ့မေးခွန်းက တယ်ဆန်းပါလားကွ။ 'မတီးဘဲမြည်တာ' ဆိုတော့...၊ ဘာဆိုတာများလား.. ဘာပဲဖြစ်ဖြစ် စဉ်းစားရမှာပေါ့နော်"

ဗညားတစ်ယောက် မန်ကျည်းပင်ကြီး၏ ပင်စည်ကို ကျောမှီလိုက်ရင်း စဉ်းစားခန်းဖွင့်နေတော့သည်။

"အဖြေက ရှိပြီးသားပါ ဗညားရေ..၊ စဉ်းစားလို့မရရင် အပင်ပန်းမခံနဲ့ဟေ့။ ပန်းပေးလိုက်ပေါ့ကွာ ဟင်း ဟင်း ဟင်း"

လဂွန်းအိမ်၏စကားကြောင့် ဗညားတစ်ယောက် အခံရခက်နေတော့သည်။ ကြိုးစားဖြေရမှာပေါ့ဟု ကိုယ့်ကိုယ်ကိုယ်အားပေးလိုက်သည်။ ဆက်လက်စဉ်းစားရင်းဖြင့် တဖြည်းဖြည်းပြုံးယောင်သန်းလာသည်။

"သူငယ်ချင်းရယ် ... စဉ်းစားရင် အဖြေကထွက်လာပါတယ်ကွာ။ မင်းမေးတဲ့ 'မတီးဘဲမြည်တာ' ဆိုတာ စကောကရင်တိုင်းရင်းသာရိုးရာ စကားထာပါပဲ။ အဖြေက 'မိုးကြိုး'လေ၊ ဟုတ်တယ်ဟုတ်။ မိုးသည်းထန်စွာ ရွာတဲ့အခါ မိုးကြိုးပစ်တာကိုဖြစ်ပေါ်စေတတ်တယ်။ သူ့အလိုလို အသံထွက်ပေါ်လာတာကိုဆိုလိုတာပေါ့"

ဗညားက ဉာဏ်စမ်းပဟေဠိအဖြေကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုလိုက်ရာ လဂွန်းအိမ်တစ်ယောက် အသံတိတ်သွားတော့သည်။

"ငါမေးရမယ့် အလှည့်ရောက်ပြီ၊ ကြိုးစားဖြေပေတော့ လဂွန်းအိမ်ရေ"

"မေးမှာသာ မေးပါကွာ"

"အေးပါ၊ အေးပါ၊ မေးပြီသူငယ်ချင်းရေ၊ 'မိဖုရားလုံချည် တစ်ဝက်ဝတ်' ဆိုတာ ဘာလဲ"

မျက်မှောင်ကြုတ်ခေါင်းကုတ်လိုက်ရသည်က လဂွန်းအိမ်ပင်။ ခေါင်းကုတ်စဉ်းစားသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်သဖြင့် ထပ်ကာထပ်ကာစဉ်းစားနေရတော့သည်။

"ဘယ်လိုလဲ သူငယ်ချင်း၊ စဉ်းစားကာနေရဦးမယ်လို့ သီချင်းဆိုရတော့မှာပဲလား" အကြံအိုက်နေသည့် လဂွန်းအိမ်ကို ဗညားက ခပ်ထေ့ထေ့ပြောလိုက်ခြင်းဖြစ်သည်။

"နောက်မှအဲဒါကို ငါဖြေမယ်လေ။ အခုတော့ မေးခွန်းတစ်ခုလောက် ထပ်မေးချင်သေးလို့"

"နိုးနိုးပါ...သူငယ်ချင်းရေ၊ အဖြေမပေးရသေးဘဲ နောက်မေးခွန်းမေးတာ ဘောင်မဝင်ပါဘူးဗျာ။ ဖြေမှာသာဖြေပါ အချိန်ကစေ့တော့မယ်နော် သူငယ်ချင်း"

လဂွန်းအိမ်၏စကားကို ဗညားကလက်မခံသဖြင့် အဖြေကိုမရမကစဉ်းစားကာ ဖြေရပေတော့မည်။

"ဒါဆိုလည်း ဖြေရတာပေါ့ကွာ၊ 'မိဖုရားလုံချည် တစ်ဝက်ဝတ်'ဆိုတာဘာလဲလို့မေးထားတာဆိုတော့ အဖြေက ...'လက်သည်း'ပေါ့။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာတွေပါပဲ။ လက်သည်းပေါ်မှာ ရောင်စုံလက်သည်းနီဆိုးတာကို တင်စားပြောတာပေါ့ကွာ"

လဂွန်းအိမ်၏အဖြေက တိကျသေချာမှုရှိခြင်းကြောင့် ဗညားတစ်ယောက်မျက်လုံးပြူးသွားသည်။

"တော်လိုက်တာ သူငယ်ချင်းရယ်၊ ကွက်တိပါပဲ။

"ကဲ ငါ မေးပြီနော်"

"မေးလေ ဗညား၊ မေးပါ။ မေးလိုက်စမ်းပါဗျား"

"မေးချင်တာကတော့ 'နွားမတစ်အုပ် တိုင်မှာတုပ်' ဆိုတာပဲ၊ ဖြေပေးပါဦးသူငယ်ချင်း"

လဂွန်းအိမ်က အဆိုပါမေးခွန်း၏အဖြေကို ကြိုတင်သိရှိနေသည်လားမသိ၊ ဘာမျှစဉ်းစားဟန်မပြဘဲ အေးအေးလူလူဖြင့် မြက်ခင်းစိမ်းစိမ်းများကို လက်ဖြင့်တစ်ချက်သပ်လိုက်ပြီး ချက်ချင်းပြန်ဖြေလိုက်သည်။

"သူငယ်ချင်းမေးတာက 'နွားမတစ်အုပ် တိုင်မှာတုပ်'လို့မေးထားတာဆိုတော့ အဖြေက 'သင်္ဘောပင်နဲ့ သင်္ဘောသီး' ပေါ့ကွာ။ စကောကရင်တိုင်းရင်းသားရိုးရာစကားထာတွေထဲကပါပဲ၊ ဟုတ်တယ်ဟုတ်။ သင်္ဘောပင်ပေါ်မှာ သင်္ဘောသီးတွေပြွတ်ခဲသီးနေတာကို နွားမတစ်အုပ်နဲ့ခိုင်းနှိုင်းပြောဆိုတာပါပဲ"

"ဟုတ်ပါ့ဗျာ။ မှန်ပါ့ဗျာ မှန်ပါ့"

ထိုအချိန်တွင် ဘုန်းကြီးကျောင်းမှ နာရီသံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးအလွှားတက်သွားကြတော့သည်။ ။

■

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

## မြွေဥစားသူ

ဟိုးရှေးလွန်လေပြီးသောအခါက တောတောင်ထူထပ်ရာနေရာ အနီးတွင် ရွာတစ်ရွာရှိပြီး ထိုရွာ၌ ရှမ်းတိုင်းရင်းသားလုလင်တစ်ယောက် ရှိလေသည်။ တစ်နေ့သော် လုလင်သည် အစာရေစာရှာဖွေရန်အတွက် တောကြီးအတွင်းသို့ထွက်လာခဲ့ရာ လမ်းခရီးတွင် ဆာလောင်မွတ်သိပ်မှုဖြစ်ပေါ်လာရသည်။ လတ်တလော ဆာလောင်မှုအတွက် စားစရာကို ဦးစွာရှာဖွေရတော့သည်။

"ဟာ မြွေဥတွေပါလား၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

စားစရာလိုက်ရှာနေသည့် လုလင်က တောကြီးတစ်နေရာတွင် မြွေဥများတွေ့ရှိသဖြင့် ဝမ်းသာအားရ တီးတိုးဆိုလိုက်ခြင်းဖြစ်သည်။ ဆာလောင်မှုကို မအောင့်နိုင်တော့သဖြင့် မြွေဥများကိုပြုတ်၍စားလိုက်လေသည်။

"ကျွန်ုပ်ဖြင့် မြွေဥတွေစားပြီးကတည်းက ခွန်အားဗလတွေပိုတိုးလာတယ်လို့ ခံစားရတယ်"

"ဟုတ်လား၊ မောင်ရင်ရေ မြွေတွေက သူ့ရဲ့ဥရှိတဲ့နေရာကို သိတယ်ကွ။ မောင်ရင်စားလာရင်တော့ မောင်ရင့်ဆီကိုလိုက်လာမှာ သေချာတယ်"

လုလင်ကရွာသို့ ပြန်ရောက်သည့်အခါ မြွေဥတွေပြုတ်စားပြီး ခွန်အားဗလပိုမိုပြည့်ဖြိုးလာကြောင်း ရွာသူကြီးကိုပြောပြရာ ရွာသူကြီးဖြစ်သူက မြွေတို့၏အလေ့အထကို ပြန်လည်ပြောပြလိုက်ခြင်းဖြစ်သည်။

"ဒါဆိုရင် ကျွန်ုပ်ကို ရန်ပြုနိုင်တာပေါ့နော်"

"သိပ်သေချာတာပေါ့ သူ့ရဲ့ဥကိုမတွေ့ရင် အနံ့ခံပြီးလိုက်လာမယ်။ တွေ့တဲ့အခါ ရန်ပြုမယ်၊ သူ့ရဲ့ဥတွေကို စားရပ့်ါမလားဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပေါက်သတ်တဲ့အထိဖြစ်နိုင်တယ်။ ဒါကြောင့် မောင်ရင် ဒီညရွာမှာ ပြန်မအိပ်နဲ့ပေါ့"



လုလင်ခမျာ ကြောက်ရွံ့ထိတ်လန့်ကာ ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေရှာတော့သည်။

"အဆွေတော်ရယ် သိပ်လည်းမစိုးရိမ်ပါနဲ့။ ခွန်အားဗလလည်း အရင်ကထက်ပိုပြီးပြည့်ဖြိုးနေတာပဲ။ ရင်ဆိုင်လိုက်ပါလား။ ရင်ဆိုင်ဖြေရှင်းခြင်းဟာ အောင်မြင်မှုကိုရရှိစေပါတယ်။ စိတ်ပါပဲဗျာ၊ အောင်စိတ်ကိုမွေးပြီး လာသမျှရန်ကို ခုခံတွန်းလှန်လိုက်စမ်းပါ၊ လာမယ့်ဘေး ပြေးတွေ့လိုက်စမ်းပါ"

မိတ်ဆွေတစ်ဦးက အကြံပေးစကားပြောလိုက်ရာ လုလင်မှာ အတော်ပင်စိတ်ခွန်အားများ တိုးတက်သွားသဖြင့် ကြုံတွေ့လာရမည့်ဘေးကို ရင်ဆိုင်ရန်စိတ်ပိုင်းဖြတ်လိုက်သည်။ ထိုမိတ်ဆွေ၏ ဆက်လက်အကြံပေးမှုအရ ဓားရှည်တစ်ချောင်းယူသွားပြီး တောတွင်းရှိ ဂူတစ်ဂူအတွင်းသွားရောက်အိပ်စက်လိုက်သည်။

ညအချိန်သို့ရောက်လာသည့်အခါ မြွေဖိုနှင့်မြွေမတို့က သူ့ဥအားနေရာတွင်မတွေ့ရှိသဖြင့် အနံ့ခံကာ လုလင်အိပ်စက်နေသည့် ဂူအမိုးပေါ်သို့ရောက်လာတော့သည်။ မြွေဖိုသည် ဂူအမိုးပေါ်မှ ဖြည်းဖြည်းချင်း ဆင်းလာကာ ဂူပေါက်အတွင်းသို့ဝင်ရန်ခေါင်းပြူလာလေသည်။

"ကဲကွာ သေပေတော့" လုလင်က အသင့်ယူဆောင်လာသည့် ဓားရှည်ဖြင့်ခုတ်ပိုင်းလိုက်ရာ မြွေဖိုမှာ သေပွဲဝင်ရတော့သည်။

ယင်းနောက် မြွေမလည်းရောက်လာပြန်သည်။ ဒေါသစိတ်မွှန်နေသည့် မြွေမသည် လုလင်၏ခြေအစုံကို လျင်မြန်စွာရစ်ပတ်လိုက်သည်။

"အား"

လုလင်က ထိတ်လန့်တကြားအော်လိုက်မိသည်။ တစ်ခဏအတွင်းမှာပင် သတိပြန်ရလိုက်သည်။ အလျှော့ပေး၍ကားမဖြစ်၊ နိုင်ကိုနိုင်ရမည်ဟူသည့် အောင်စိတ်ကိုမွေးမြူလိုက်ကာ ခြေအစုံကို ရစ်ပတ်ထားသည့် မြွေမအား ဓားရှည်ဖြင့်ထိုးခွဲလိုက်ရာ မြွေမလည်း လုလင်၏ခြေအစုံကိုကောင်းစွာမရစ်ပတ်နိုင်တော့ဘဲ အားပျော့သွားတော့သည်။ ထိုအချိန်တွင် အခွင့်ကောင်းကို အသုံးချလျက် လုလင်က မြွေမ၏ကိုယ်ထည်ကို အပိုင်းပိုင်းပြတ်အောင်ခုတ်ပိုင်းနိုင်လိုက်ရာ မြွေမလည်းသေဆုံးသွားရသည်။

စိတ်တန်ခိုး၏အစွမ်းဖြင့် ရဲရဲရင်ဆိုင်နိုင်ခြင်းကြောင့် လုလင်ခမျာ မြွေတို့၏ အန္တရာယ်အပေါင်းမှ လွတ်မြောက်လာနိုင်ခြင်းဖြစ်ကြောင်း ကောင်းစွာသဘောပေါက်လျက် ရွာသို့အေးချမ်းစွာပြန်သွားလေတော့သတည်း။ ။

# အင်းဝတံတားဟောင်းအနီး သပြေတန်းခံတပ်နှင့် ကျွန်းလုံးလှေ

မောင်ဓာတု

လှေသည် ရေကြောင်းသွားလာရေး၌ ရှေးဦးအသုံးပြုခဲ့ကြပြီး ရှေးမြန်မာမင်းများအဆက်ဆက် အသုံးပြုခဲ့ကြသည်။ အရပ်သားများအသုံးပြုသော ကုန်တင်လှေ၊ သွားလာရေးလှေများနှင့် ဘုရင်၊ မိဖုရား၊ မင်းစိုးရာဇာများ စီးနင်းသည့် ဖောင်တော်၊ တိုက်လှေ၊ ရဲလှေ စသည်ဖြင့် အသုံးပြုခဲ့ကြသည်။ မြန်မာမင်းများလက်ထက် ရေတပ်အခင်းအကျင်းများ မြင်တွေ့နိုင်သကဲ့သို့ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် ခံတပ်များတည်ဆောက်ခဲ့ကြသည်။

ရတနာပုံမြို့တည် မင်းတုန်းမင်းကြီးသည် စစ်ကိုင်း(အင်းဝ)မှ ဧရာဝတီမြစ်ကမ်း၌ ခံတပ်သုံးခုတည်ဆောက်ခဲ့ရာ အတိတ်ကာလ၏ သမိုင်းပုံရိပ်များကို ညွှန်းဆိုနေပါ၏။ မြစ်၏တစ်ဖက်စီ၌ သပြေတန်းခံတပ်၊ အစေခံခံတပ်၊ ဆင်ကျုံးခံတပ် သုံးခုဖြင့် တြိဂံပုံသုံးပွင့်ဆိုင်လျက် ရန်သူကို ရေကြောင်းမှ ဟန့်တားတိုက်ခိုက်ရန်ဟုဆိုပါသည်။ ထိုအချိန်က အောက်မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်ရောက်ရှိနေပြီး အထက်မြန်မာပြည် နေပြည်တော်နှင့် ဆက်ဆံရေးအဆင်မပြေဖြစ်နေ၍ အချိန်မရွေးရေကြောင်းအတိုင်း ချီလာဖွယ်ရှိကြောင်း မင်းတုန်းမင်းကရိပ်စားမိသဖြင့် ထိုခံတပ်များတည်ဆောက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

### တစ်ပြိုင်တည်းတည်ဆောက်ခဲ့

စစ်ကိုင်း(အင်းဝ) တံတားဟောင်းအနီး





ဧရာဝတီမြစ်ဘေးတွင် သပြေတန်းခံတပ်ကို မင်းတုန်းမင်းက ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ကြာသပတေးနေ့ (ခရစ်နှစ် ၁၈၇၄ ၊ ဒီဇင်ဘာ ၃)တွင် စတင်တည်ဆောက်ရာ လေးနှစ်ကျော်ကြာမြင့်ခဲ့သည်။ ခံတပ်ဆောက်လုပ်ခြင်းမှာ မြစ်ကြောင်းအတိုင်း ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် နယ်ချဲ့ရန်ကို ခုခံတွန်းလှန်ရန်ဖြစ်ပြီး စစ်ကိုင်းမြို့ အစေခံရပ်၌ ခံတပ်တစ်ခု (အစေခံခံတပ်)၊ အင်းဝမြို့ ဆင်ကျုံးရပ်၌ ခံတပ်တစ်ခု(ဆင်ကျုံးခံတပ်) ပေါင်းသုံးခုကို တစ်ပြိုင်တည်းတည်ဆောက်ခဲ့သည်။

သပြေတန်းခံတပ်တွင် ရေကြောင်းစစ်ဌာနမှ အစောင့်တပ်သားများကို အစဉ်အမြဲထားရှိရာ ကျောက်ဆူးတံဆိပ်နှင့် သပြေတန်းခံတပ်မြို့ဟူ၍ ယင်းအမှုထမ်းများကို ဆေးထိုးမှတ်သားကြောင်း၊ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလတွင် ဖြစ်ပွားသည့် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲ၌ အရှေ့ဝင်းတော်မှူးရဲဘက်မြင်းဝန်သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဦးစီးသော မြန်မာတပ်သား ၂၀၀၀ ကျော်နှင့် တပ်စွဲကာ ဆန်တက်လာမည့် ရန်သူများကို ခုခံတိုက်ခိုက်ရန် အဆင်သင့်ရှိနေခဲ့သည်။ သို့သော် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (နိုဝင်ဘာ ၂၇ ရက်)တွင် ရေကြောင်းချီလာသည့် အင်္ဂလိပ်ရေတပ်အား တိုက်ခိုက်ခြင်းပင်မပြုလိုက်ရဟု ကျောက်စာတွင် ဖော်ပြထားသည်။ ။

■

# သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လွှတ်တော်အသင်းမှမိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




နေပြည်တော် အောက်တိုဘာ ၅

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၈၆)ကို အောက်တိုဘာ ၇ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေသူရနှင့် သဲဆုဇော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လွှတ်တော်အဖွဲ့ မိသားစု လေးစု ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် အောက်တိုဘာ ၅

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈)ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ်စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ (၃၈)ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် **အနာကုလာစကမ္မန္တာ (ကျွမ်းကျင်သောအလုပ်ကို စနစ်တကျပြုလုပ်ခြင်း)**အစီအစဉ်ကို အောက်တိုဘာ ၈ ရက် စနေနေ့ ည ၉ နာရီခွဲခန့်တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ဓူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း(ရွှေနန်းသဘင်) ဦးဆောင်ပြီး သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ဖွေးဖွေး၊ သိင်္ဂီဝင့်ထက်နှင့် သဘင်ပညာရှင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီသတင်းအပြီး ၌ ယင်းအစီအစဉ်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ညောင်လေးပင်မြို့နယ်တွင် ကရင်ဒုံးယိမ်းဖျော်ဖြေပွဲ ကျင်းပ

ညောင်လေးပင် အောက်တိုဘာ ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက ကရင်ဒုံးယိမ်းဖျော်ဖြေပွဲကို အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်တွင်ကျင်းပမည့် ဆိုကရေးတီးပြိုင်ပွဲတွင် ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် ဒုံးယိမ်းအဖွဲ့မှ ကရင်ရိုးရာဒုံးယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းနိုင်၊ ညောင်လေးပင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကျော်မိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်တို့က ဆုချီးမြှင့်ငွေကျပ် ၇၅၀၀၀၀ ကို ကပြဖျော်ဖြေခဲ့သော ကရင်ရိုးရာ ဒုံးယိမ်းအဖွဲ့အား ချီးမြှင့်ပေးအပ်ခဲ့ပြီး ဒုံးယိမ်းအဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကရင်ရိုးရာ ဒုံးယိမ်းဖျော်ဖြေပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နီနီဝင်း(ပြန်/ဆက်)**

# “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season–2 အုပ်စု(ဂ) ပွဲစဉ်(၆)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်




နေပြည်တော် အောက်တိုဘာ ၅

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲ့ပျော်ဂီတပွဲတော်” Season–2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ်သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(ဂ) ပွဲစဉ်(၆)ကို အောက်တိုဘာ ၇ ရက် (သောကြာနေ့) ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ လင်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ထူးခန့်၊ ကယားပြည်နယ်မှ မေသူ၊ နေပြည်တော်မှ ကျော်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးမှ ကြည်ဖြူခင်၊ ချင်းပြည်နယ်မှ ဖြိုးမင်းပိုင်၊ ကရင်ပြည်နယ်မှ ချိုသဲဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ နှင်းပွင့်ဖြူနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် စုစုပေါင်း ပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက် တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီသတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို အောက်တိုဘာ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်၌ စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံ ဆောင်းနေကြာ ၃၀၀၂ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထား

နေပြည်တော် အောက်တိုဘာ ၅

ကရင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ စားသုံးဆီဖူလုံစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီများ စားသုံးနိုင်ရန် ရည် ရွယ်၍ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ ဆောင်းနေကြာ ၃၀၀၂ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“၂၀၂၁–၂၀၂၂ ခုနှစ်မှာ ပြည်နယ်အတွင်း စားသုံးဆီဖူလုံမှုက ၆၉ ရာခိုင်နှုန်းကျော်ပဲ ရှိတဲ့အတွက် ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်မှုနဲ့အတူ ယခုနှစ်မှာ ဆီထွက်သီးနှံတွေကို တိုးချဲ့စိုက်ပျိုးသွားမယ့်အပြင် တစ်ဧက အထွက်နှုန်းတိုးရေးကိုလည်း ဆောင်ရွက်သွားမှာပါ၊ အရင်နှစ်က နေကြာစိုက်ဧက ၁၆၅ ဧကပဲစိုက်ပျိုးခဲ့ပြီး ဒီနှစ်မှာတော့ ၃၀၀၂ ဧကအထိ စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ ပြည်နယ်အစိုးရကနေ နေကြာမျိုးစေ့တွေကို စိုက်ပျိုးမယ့် တောင်သူတွေထံ စက်တင်ဘာ ၃၀ ရက်က ထောက်ပံ့ပေးပြီးဖြစ်ပါတယ်”ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းက ပြောသည်။



ကရင်ပြည်နယ်အတွင်း ယခုနှစ်ဆောင်းရာသီတွင် အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန်အတွက် ပြည်နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ နေကြာမျိုးစေ့များနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေကြယ်

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) နောက်ဆုံးနေ့ကို အောက်တိုဘာ ၅ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း–၁ ၌ ဆက်လက်ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက YREO အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတွင် သဥ္ဇာချို၊ မိုးမမစိုး၊ မိုးပြည့်ပြည့်မောင်၊ ဝေနှင်းစိုး စသည့်ကစားသမားများပါဝင်ခဲ့ပြီး YREO အသင်းတွင်မူ လူငယ်လက်ရွေးစင်များ၊ လူငယ်လက်ရွေးစင်ဟောင်းများ ပါဝင်ကစားခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာန အသင်းအတွက် အနိုင်ဂိုးကို ပွဲအစ ၄ မိနစ်တွင် ချယ်ရီမာက သွင်းယူခဲ့သည်။

**သတင်း– ကိုညီလေး**
**ဓာတ်ပုံ– MWL**



အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် YREO အသင်း ယှဉ်ပြိုင်စဉ်။

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၈)၊ မြေကွက်အမှတ်(၂၄/က)နှင့် (၂၄/ခ) (အလျား ၂၀ ပေx အနံ ၆၀ပေ) အကျယ်စီရှိ စုစုပေါင်း(အလျား ၄၀ ပေx အနံ ၆၀ပေ)အကျယ်ရှိပြီး၊ မြေကွက်အမှတ်(၂၄/က)မှာ ဦးအောင်သန်း(KTN-၀၂၄၆၆၂) အမည်ပေါက်ပြီး မြေကွက်မှတ်(၂၄/ခ)မှာ ဒေါ်ကျင်လှ[၁၂/ဗဟန(နိုင်)၀၂၃၄၇၄]အမည်ပေါက်သော မြေချပါမစ်အမျိုးအစားမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မန္တလေးလမ်းမကြီး၊ အမှတ်(၂၄/က)နှင့် (၂၄/ခ) ဟုခေါ်တွင်သော မြေအိမ်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဦးစန်းဝင်း[၁၂/ကမတ(နိုင်)၀၃၉၁၈၅] မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမြင့်ကြည်[၁၂/စခန(နိုင်)၀၁၃၂၆၃]နှင့် ဒေါ်စန်းစန်းရင်[၁၂/ကမတ(နိုင်)၀၀၄၆၀၆]တို့မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်များအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကတ–၁၃)၊ မြေကွက်အမှတ်(၄၉၀)၊ (အလျား ၄၀ပေxအနံ၆၀ပေ) အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေဥက္ကံရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၄၉၀)ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးစောနေတိုး [၁၄/ညတန(နိုင်)၀၉၃၃၆၈]အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးစိုးမိုးကျော် [၁၂/တမန(နိုင်)၁၂၉၀၂၇]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာဇော် [၁၂/ဗဟန(နိုင်)၀၁၆၅၇၇]မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၄)လမ်း၊ တိုက်အမှတ်–၅၂၅/ခ၊ စတုတ္ထထပ်၊ ၅–လွှာ၊ (အလျား ၁၈ပေx အနံ ၅၄ပေ) အကျယ်ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်နွှယ်သောကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အိသန္တာထွန်း[၁၂/ကတတ(နိုင်)၀၂၂၀၈၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်ကျော် [၁၂/အစန(နိုင်)၁၃၃၃၁၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ကြာညိုနှင်းရည် LL.B** | **ဒေါ်မြတ်သီတာအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၉၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၇၅၁)** |

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၀၂၁၇၇၂၊ ၀၉–၇၉၉၂၅၈၂၀၂**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်တို့ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/J)၊ မြေကွက်အမှတ်(V၁၂၂)၊ ဧရိယာ(၀.၀၃၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ ပိန္နဲကုန်းလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်ညွန့်စိန် အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်ညွန့်စိန်၊ ၎င်း၏ခင်ပွန်း ဦးသန်း၊ အမည်ပေါက်၏ တစ်ဦးတည်းသောသား ဦးနေဝင်းတို့ အသီးသီး ကွယ်လွန်သဖြင့် ဦးနေဝင်း၏ဇနီး/ အမည်ပေါက်၏ချွေးမတော်စပ်သူ ဒေါ်ညွန့်ညွန့်ဝင်း [၁၂/မဂတ(နိုင်)၀၄၆၇၇၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၃၀၄/၂၂)(၂၈–၂–၂၂)ရရှိသူ ဒေါ်ပိုးဇာခြည် [၁၂/မဂတ(နိုင်)၁၀၇၁၅၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ဦးနေဝင်း၏ သေဆုံးမှုလက်မှတ်၊ တစ်ဦးတည်းသောဇနီး/ချွေးမ တော်စပ်ကြောင်း ဒေါ်ညွန့်ညွန့်ဝင်း၏ တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဒေါ်ညွန့်စိန်နှင့် ဦးသန်းတို့၏ သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်း မပြုနိုင်ကြောင်း တိုင်းကျန်းဦးစီးဌာန၏ အကြောင်းကြားစာ၊ ဒေါ်ညွန့်စိန်ကွယ်လွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

**သွေးသည် အသက်**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မခိုင်ဖူဝေ [၁၂/မဂတ(နိုင်)၁၀၈၆၃၆] (ဘ) ဦးအောင်လွင်၊ အမှတ်–၂၈၊ ၁၂၅လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူသည် ဦးသန်းအေးအား (၁၈–၇–၂၀၂၂)ရက်တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်၊ ခရိုင်တရားသူကြီး(၁)ရုံးတော်၌ တရားမကြီးမှုအမှတ် (၅၆၂/၂၀၂၂)ဖြင့် **၁၉၅၃ ခုနှစ်၊ မူစလင်လင်မယားကွာရှင်းရေးအက်ဥပဒေအရ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု**စွဲဆိုထားစဉ် ဦးသန်းအေးမှ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးမည်ဖြစ်ကြောင်း (၃၀–၉–၂၀၂၂)ရက်တွင် ကမ်းလှမ်းလာသဖြင့် ထိုနေ့တွင်ပင် **နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကတိစာချုပ်ပြုလုပ်ချုပ်ဆိုကွာရှင်းခဲ့ပြီးဖြစ်ပါသည်။** ဤသို့ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးနောက် မခိုင်ဖူဝေမှ ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌ စွဲဆိုထားသော တရားမကြီးမှုအား (၄–၁၀–၂၀၂၂)ရက်တွင် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်တော့သဖြင့် ခွင်းချက်မရှိ ရုပ်သိမ်းပြီးဖြစ်ကြောင်း ဦးသန်းအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ**

**ဒေါ်နှင်းချယ်ရီ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၄၀၄)**
**အမှတ်(၄၁)၊ ၈၈–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-953119749, 09-443119749, 09-984732492**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၇)ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်–၅၂၈ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၆ ထပ်တိုက်၏ မြေညီထပ် (ခြေရင်းဘက်ခြမ်း) အခန်းအား ၎င်းပိုင်ဆိုင်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စုစုလှိုင် [၁၂/ဒဂရ(နိုင်)၀၂၁၈၂၉] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်ဦး[၁၂/ဒဂမ(နိုင်)၀၁၃၄၂၈] က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းရည်ငွေ LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၉၄)**
**အမှတ်–၅၈(ပထမထပ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉– ၄၂၁၀၃၉၅၅၁**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ် (၁၅၆၃)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးသန်းဝင်း အမည်ပေါက်ပါမစ်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသူရဇော် [၁၂/လမန(နိုင်) ၁၃၁၆၈၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဒေါ်စန်းစန်းဦး [၁၂/သဃက(နိုင်) ၀၈၉၃၂၀]နှင့် ဒေါ်သူဇာလင်း [၁၂/သဃက(နိုင်) ၁၆၃၄၇၃]တို့က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့် ရှိသည်ဆိုပါက မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B, B.D.S,WIPO(Switzerland)** | **LL.B, D.B.L WIPO(Switzerland)** | **LL.B** |
| **စဉ်–၁၄၄၇၉/ ၂၀၁၈** | **စဉ်–၈၅၆၄/၂၀၁၂** | **စဉ်–၅၃၅၆၆/၂၀၂၀** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး–အမှတ်(၉/၁၁)၊ ပထမထပ်၊ (၁၀၃–H)၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၀၅၃၄၆၈၊ ၀၉– ၇၇၅၀၅၃၄၆၈၊ ၀၉– ၅၁၈၁၂၁၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးချစ်ကိုကို [၁၂/သဃက(နိုင်) ၁၄၇၃၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၂၈၅/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးအေးကြည် [၇/ဖမန(နိုင်)၀၄၅၁၄၇]နှင့် ဦးမြလှိုင် [၁၂/သဃက (နိုင်)၀၅၇၅၇၄]တို့ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးချစ်ကိုကိုက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုမည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဇင်သင်းအောင်** | **ဒေါ်ယမင်းလတ်** | **ဦးသက်ပိုင်ဝင်း** |
| **LL.B, B.D.S** | **LL.B, D.B.L** | **LL.B** |
| **စဉ်–၁၄၄၇၉/ ၂၀၁၈** | **စဉ်–၈၅၆၄/၂၀၁၂** | **စဉ်–၅၃၅၆၆/၂၀၂၀** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရုံး–အမှတ်(၉/၁၁)၊ ပထမထပ်၊ (၁၀၃–H)၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၃၄၆၈၊ ၀၉–၇၇၅၀၅၃၄၆၈၊ ၀၉–၅၁၈၁၂၁၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၁)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၈၂၆)၊ ခေါင်းရင်းခြမ်း အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ ဦးစိန်လှိုင် (L/RGL ၀၈၇၇၃၆) အမည်ပေါက် မြေချပါမစ်မူရင်းနှင့် ယင်းမြေပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်လတ်ရီဝင်း (၁၂/မဂတ(နိုင်) ၁၀၀၆၅၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်ဖြိုးကျော် (၁၂/ဥကတ (နိုင်) ၁၅၂၂၆၁)က အပြီးအပြတ် ဝယ်ယူရန် ငွေကြေးတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဖြိုးကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထူးသဥ္ဇာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၈၃)**
**အမှတ်–၃၃၅၊ မြေညီထပ်၊ (၁၀)ရပ်ကွက်၊ ဗလ္လီကလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉ ၄၀၄၄၁၀၀၇၀၊ ၀၉ ၄၅၇၆ ၂၁၆၅၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၂၉**

၁။ ဦးကျော်ရွှေ နှင့် ဒေါ်နန်းအေးချမ်းမွန်
၂။ ဒေါ်ထားထားရီမြင့်

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၃)လမ်း၊ အမှတ်(၇၇၇)နေ ဒေါ်နန်းအေးချမ်းမွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားပြိုင်၏ပြုလုပ်မှုကြောင့် တရားလို၏ နေအိမ် ထိခိုက်ပျက်စီးခဲ့ရသဖြင့် ပြုပြင်စရိတ်နှင့် နစ်နာကြေးငွေကျပ် (၆၀၀၀၀၀၀) (ငွေကျပ်သိန်းခြောက်ရာ) တိတိရလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရသည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့ ဤရုံးတံဆိပ်ရိုပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှလှသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

အမှတ် - ၁၀၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တရားဝင်တည်ထောင်ထားသော EXCELLENT FORTUNE GENERAL INSURANCE CO.,LTD (Reg No-110764375) အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်များ၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်–

efigeneral — **မှတ်ပုံတင်အမှတ် - (၄/၆၈၄၇)**
efi — **မှတ်ပုံတင်အမှတ် - (၄/၆၈၄၉)**

ကုမ္ပဏီအနေဖြင့် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်အမှတ်-(၀၀၇) ရရှိထားပြီး၊ အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် မီးအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ရေကြောင်းအာမခံ နှင့် လေကြောင်းအာမခံ စသည့် အထွေထွေအာမခံဝန်ဆောင်မှုလုပ်ငန်းတွင် ကပ်နှိပ်ယှဉ်တွဲဖော်ပြ အသုံးပြုလျှက်ရှိပါသည်။

ထို့ကြောင့် အဆိုပါ အမှတ်တံဆိပ်များအား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပကူးယူခြင်းများ နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

EXCELLENT FORTUNE GENERAL INSURANCE CO.,LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဧပရယ်စိုး | ဦးသူရဝင်း |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၅) | အထက်တန်းရှေ့နေ (စဉ်-၅၁၀၀၆) |

**BIZ LAW CONSULT MYANMAR COMPANY LIMITED**
No.(5), Hpwint Phyo Yay (8)th Street, Ah Hmu Htan Ward,
Thanlyin Township, Yangon, Myanmar.
Office Ph: +959 444 88 22 43
Email: info@bizlawmyanmar.com

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

အမှတ် - ၁၀၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တရားဝင်တည်ထောင်ထားသော EXCELLENT FORTUNE LIFE INSURANCE CO.,LTD (Reg No-179094576) အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်–

efilife — **မှတ်ပုံတင်အမှတ် - (၄/၆၈၄၈)**

ကုမ္ပဏီအနေဖြင့် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ အာမခံ လုပ်ငန်းလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်အမှတ်-(၀၁၁) ရရှိထားပြီး၊ အထက်ဖော်ပြပါ အမှတ်တံဆိပ်ဖြင့် ပြည်သူ့ပြည်သား အသက်အာမခံ၊ နှစ်တိုငွေပင်ငွေရင်းအသက်အာမခံ၊ ပညာရေးအသက်အာမခံ၊ စာသင်သား အသက်အာမခံ၊ မွေးအန္တရာယ် အာမခံ၊ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ တောင်သူလယ်သမား အသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ ပြင်းထန်သောရောဂါကုသမှုအာမခံ၊ လူထုအခြေပြုကျန်းမာရေး စောင့်ရှောက်မှုအာမခံ၊ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ၊ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ၊ ပြည်သူ့ပြည်သား နှစ်ချင်းအသက်အာမခံ၊ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ၊ ခရီးသွားအာမခံ စသည့် အသက်အာမခံဝန်ဆောင်မှုလုပ်ငန်းတွင် ကပ်နှိပ်ယှဉ်တွဲ ဖော်ပြအသုံးပြုလျှက်ရှိပါသည်။

ထို့ကြောင့် အဆိုပါ အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပကူးယူခြင်းများ နှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

EXCELLENT FORTUNE LIFE INSURANCE CO.,LTD ၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ဧပရယ်စိုး | ဦးသူရဝင်း |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၀၈၅) | အထက်တန်းရှေ့နေ (စဉ်-၅၁၀၀၆) |

**BIZ LAW CONSULT MYANMAR COMPANY LIMITED**
No.(5), Hpwint Phyo Yay (8)th Street, Ah Hmu Htan Ward,
Thanlyin Township, Yangon, Myanmar.
Office Ph: +959 444 88 22 43
Email: info@bizlawmyanmar.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဒေသတွင်း ဝမ်းစာဖူလုံရေးသည် အရေးကြီး၊ စပါးစိုက်ပျိုးမှုများကို ဦးစားပေးဆောင်ရွက်၍ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လို၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးမှုနှင့် ပဲတီစိမ်းစိုက်ပျိုးမှုများအတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးစိုက်ထုတ်ဆောင်ရွက်၍ တောင်သူများစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် မြေသြဇာ၊ မျိုးနှင့် စက်မောင်းဆီများရရှိရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်၊ စပါးနှင့် ပဲများ ထွက်ရှိမှုအပေါ်မူတည်၍ အကျိုးအမြတ်များထဲမှ တောင်သူများအနေဖြင့် သင့်တော်သည့် အကျိုးခံစားခွင့်ရရှိမည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့၌ လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် မြေသယံဇာတအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၅**

အမျိုးသား မြေအသုံးချမှုကောင်စီ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှု ကောင်စီဝင်ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားမြေအသုံးချမှုကောင်စီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**


**ကုသိုလ်တော်မြက်ထိုးပွဲ**

စာမျက်နှာ » ၉

**ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၁

**အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ခဲ့ပြီး အမြင်မှန်ရရှိ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသော အရာရှိတစ်ဦး၏ ပြောကြားချက်**

စာမျက်နှာ » ၁၅

**ဆွီဒင်သိပ္ပံပညာရှင် Svante Paabo ယခုနှစ်အတွက် ဆေးပညာနိုဘယ်လ်ဆုရရှိ**

စာမျက်နှာ » ၁၃



**အင်းဝတံတားဟောင်းအနီး သပြေတန်းခံတပ်နှင့် ကျွန်းလုံးလှေ**

စာမျက်နှာ » ၂၁


## ရွှေစင်တုံးနှင့် ရွှေစင်ခဲ သုံးပိဿာစီကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်

နေပြည်တော် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းမရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ (၂၆)လမ်းနှင့် (၆၆)လမ်းထောင့်ရှိ Star Mart Mandalay တို့တွင် ရွှေစင်တုံးနှင့် ရွှေစင်ခဲ သုံးပိဿာစီကို အောက်တိုဘာ ၆ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီအတွင်း သတ်မှတ်ထားသော တင်ဒါပုံစံဖြည့်စွက်လျက် ဈေးပြိုင်တင်ဒါစနစ်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရောင်းချပေးမည်ဖြစ်ပါသဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော်(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မန္တလေးစခန်းရုံးတို့တွင် အသေးစိတ်အချက်အလက်များကို စုံစမ်းနိုင်ကြောင်းနှင့် ရွှေဒင်္ဂါးပြားများရောင်းချခြင်းကိုလည်း ယခင်အတိုင်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်